# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၁၅၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောက်ဖြူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေး

## ကျောက်ဖြူဒေသသည် သာယာလှပသည့် ပတ်ဝန်းကျင်နှင့် သဘာဝအလှရှုခင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်သဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အောင်မြင်စွာဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ကျောက်ဖြူမြို့ရှိ ရမ္မာဝတီခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ကျောက်ဖြူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ✻*



**ယနေ့ ဖတ်စရာ**

ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံမှုအတွက်သာမက ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံမှုအတွက်ပါ ဖြည့်ဆည်းပေးနေသည့် မြန်မာ့တောင်သူဦးကြီးများ — ဆောင်းပါး — စာ - ၁၀

၂၀၂၂ ခုနှစ်အတွင်း ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် ပုဂ္ဂိုလ်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ — ပြည်တွင်းသတင်း — စာ - ၁၁

# အုန်းပင်ကို အကျိုးရှိစွာ အသုံးချခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသဝင်ငွေဖော်ဆောင်

အုန်းသီးနှင့် အခြားဆက်စပ်ထုတ်ကုန်များ ပြည်ပသို့ တင်ပို့မှုမှ နှစ်စဉ်အမေရိကန် ဒေါ်လာသန်း ၁၀၀၀ ရရှိရန် ဗီယက်နမ်နိုင်ငံက မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည့် ဖေဖော်ဝါရီ ၂၇ ရက်က ဆင်ဟွာသတင်းဌာန၏ သတင်းတစ်ပုဒ်မှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ အဆိုပါသတင်းတွင် ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းစက်မှုလုပ်ငန်းက အုန်းအခြေခံ အစားအစာ ၂၀၀ ခန့်ကို တီထွင်ခဲ့ကြောင်း၊ မိရိုးဖလာထုတ်ကုန်များအပြင် ပြုပြင်ထုတ်လုပ်သည့် ကုမ္ပဏီများသည် အုန်းပင်ထွက် သစ်သားများ၊ အုန်းမှုတ်ခွံနှင့် အုန်းဆံမျှင်ကဲ့သို့သော အခြားအုန်းအခြေခံထုတ်ကုန်များကို ဈေးကွက်သို့ တင်ပို့ခြင်းမှ ဝင်ငွေတိုးတက်မည့် အလားအလာကောင်းများ ရှိကြောင်းလည်း ဖော်ပြထားသည်။

မိမိတို့နိုင်ငံတွင် ရခိုင်ကမ်းရိုးတန်းဒေသ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသများ၊ ပင်လယ်ကျွန်းများတွင် အုန်းပင်များ အမြောက်အမြား ပေါက်ရောက်ဖြစ်ထွန်းသော်လည်း စီးပွားဖြစ်အသုံးချနိုင်မှုမှာ နည်းသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် ဗီယက်နမ် စသည့်နိုင်ငံတို့တွင် ခေတ်မီနည်းပညာကို အသုံးပြု၍ အုန်းစိုက်ပျိုးခြင်းနှင့် အုန်းသီးနှင့် အုန်းပင်ထွက်ပစ္စည်းများကို တီထွင်ဖန်တီးမှုများနှင့် ပေါင်းစပ်ကာ အစားအစာနှင့် အခြားထုတ်ကုန် အမယ်များစွာ ထုတ်လုပ်နိုင်မှုတို့မှာ အတုယူဖွယ်ပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားရာတွင် "စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဒေသတွင်းကောင်းမွန်စွာ ပေါက်ရောက်ဖြစ်ထွန်းသည့် အုန်းပင်ကို အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ အုန်းနှင့် အုန်းထွက်ပစ္စည်းများမှ အရည်အသွေးမြင့်ထုတ်ကုန်ပစ္စည်း အမျိုးအမည်များစွာကို ထုတ်လုပ်ရောင်းချနိုင်သည်ဖြစ်သဖြင့် ကျောက်ဖြူဒေသတွင် အုန်းစိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြောင်း၊ အုန်းစိုက်ပျိုးခြင်းဖြင့် ဒေသအတွင်း အုန်းထွက်ပစ္စည်းများကို ထုတ်လုပ်နိုင်သဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကာ ဒေသဝင်ငွေပိုမိုရရှိစေမည် ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့ရာ အုန်းသီးနှင့် အုန်းထုတ်ကုန်များ ထုတ်လုပ်တင်ပို့မှုမှ နှစ်စဉ် ဒေါ်လာသန်းပေါင်း ၉၀၀-၁၀၀၀ ခန့် ရရှိနေသည့် ဗီယက်နမ်နိုင်ငံကို နမူနာယူကာ ကြိုးပမ်းဆောင်ရွက်ခြင်းအားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိရေးတို့ကို ကောင်းစွာအထောက်အကူပြုလာနိုင်မည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် အုန်းသီးနှင့် အခြား ဆက်စပ်ပစ္စည်းတန်ချိန် ၁ ဒသမ ၈၇ သန်း ထုတ်လုပ်ခြင်းဖြင့် ကမ္ဘာပေါ်တွင် အုန်းသီးထွက်ကုန် ထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာကြောင်း၊ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် အုန်းစိုက်ပျိုးဧရိယာ ဟက်တာ ၁၇၅၀၀၀ ရှိကြောင်း အထက်တွင် ဖော်ပြခဲ့သည့် ဆင်ဟွာသတင်းတွင်ပါရှိရာ မိမိတို့နိုင်ငံ၏ ရေ၊ မြေ ဒေသများတွင်လည်း ကောင်းစွာပေါက်ရောက် ဖြစ်ထွန်းနိုင်သည့် အုန်းပင်ကို အကျိုးရှိစွာ အသုံးချနိုင်ခြင်းဖြင့် အမျိုးသားအကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးနိုင်ပါစေကြောင်း။ ။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

☆ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

☆ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များ အပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

☆ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## အမျိုးသားပြတိုက် (ရန်ကုန်) ခေတ္တပိတ်ထားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

အမျိုးသားပြတိုက် (ရန်ကုန်) ၏ လျှပ်စစ်မီးလိုင်းများ သွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်း ကို မတ် ၂ ရက် မှ ၁၅ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ် ကာလအတွင်း ပြတိုက်အား ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချ

နေပြည်တော် ဖေဖော်ဝါရီ ၂၈



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ ကချင်ပြည်နယ်အစိုးရအဖွဲ့၌ ဖွဲ့စည်းထားရှိသည့် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) ကို အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းကို ယနေ့နံနက် ၉ နာရီခွဲက ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး မလိခအစည်းအဝေးခန်းမ၌ ပို့ချသည်။

သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းသည် ကော်မရှင်တစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှသာ ပိုမိုထိရောက် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှု အခွင့်အလမ်းများကို တားဆီးရန် ဌာန၏ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို လေ့လာဆန်းစစ်၍ အားနည်းချက်များရှိပါက ဖော်ထုတ်ပြုပြင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူဆောင်ရွက်ရပါက နိုင်ငံတော်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးစေပါကြောင်း၊ အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများတွင် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) အသုံးပြုခြင်းဖြင့် အများပြည်သူ၏ အကြံပြုချက်များ ရယူ၍ အားနည်းချက်များ ပြုပြင်သွားပါက ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက CPU ၏ လုပ်ငန်းတာဝန်များ၊ တည်မြဲလုပ်ထုံးလုပ်နည်း (Standing Operating Procedure - SOP)၊ လုပ်ငန်းလမ်းညွှန် (Terms of Reference-TOR) ရေးဆွဲခြင်း၊ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment - CRA) အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme - PFP) တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး PFP အသုံးပြုဆောင်ရွက်နိုင်ရေး လက်တွေ့ လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

✻ ရှေ့ဖုံးမှ

## ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာများနှင့် ဒေသဆိုင်ရာအချက်အလက်များအား ရှင်းလင်းတင်ပြ

ဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ကျောက်ဖြူအထူးစီးပွားရေးဇုန် ဖြစ်ပေါ်လာပုံနှင့် နောက်ခံအခြေအနေများ၊ စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ အစိုးရအဆက်ဆက် ရေရှည်စီမံချက်များ ချမှတ်၍ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ လက်ရှိစီမံကိန်း ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောက်ဖြူခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲလင်းမောင်က ဒေသဆိုင်ရာအချက်အလက်များ၊ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးမွေးမြူရေး၊ ကျန်းမာရေး အထွေထွေအချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် မြို့မိ မြို့ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးစေလိုမှု၊ ကျောက်ဖြူမြို့ရှိ သာသနာ့ဗိမာန်အဆောက်အဦသည် နှစ်ပေါင်းကြာရှည်ပြီဖြစ်ပြီး ပျက်စီးယိုယွင်းလျက်ရှိသဖြင့် ပြင်ဆင်ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိမှုတို့ကို တင်ပြကြသည်။

## နိုင်ငံတည်ဆောက်ရေးတွင် ဦးတည်ချက်များ၊ ရည်မှန်းချက်များထားရှိပြီး မပျောက်ပျက်အောင် ဦးတည်ဆောင်ရွက်ရမည်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ကျောက်ဖြူခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများကို ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ စစ်တွေမြို့၌လည်း ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြဆွေးနွေးကြကြောင်း၊ လူတိုင်းသည် မိမိတို့ဒေသ၊ မိမိတို့ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေလိုသည်ဖြစ်သော်လည်း မိမိဒေသနှင့် တိုင်းပြည်၏ ပကတိအခြေအနေနှင့် ကိုက်ညီပြီး ဖြစ်နိုင်သည်နှင့် ဖြစ်သင့်သည်များကို တွက်ချက်ဆောင်ရွက်ကြရကြောင်း၊ နိုင်ငံတည်ဆောက်ရေးတွင် ဦးတည်ချက်များ၊ ရည်မှန်းချက်များထားရှိပြီး ဆောင်ရွက်ကြရကြောင်း၊ ရည်မှန်းချက်များ၊ ဦးတည်ချက်များ မပျောက်ပျက်စေရေး ဦးတည်ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို နိုင်ငံရေးလုပ်ငန်းစဉ် ၅ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားရေးလုပ်ငန်းစဉ် ၅ ရပ်အနေဖြင့်လည်း တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဦးတည်ချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ သာယာဝပြောရေးသည် တည်ငြိမ်အေးချမ်းရေးနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသည့်အတွက် ဒေသတစ်ခုချင်းစီအလိုက် တည်ငြိမ်အေးချမ်းမှသာလျှင် ဒေသများနှင့် တိုင်းပြည်သည်လည်း သာယာဝပြောလာမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား ကျောက်ဖြူပညာရေးဒီဂရီကောလိပ်ကျောင်းအုပ် ဆရာမကြီး ဒေါ်မီမီဝင်းက ရှင်းလင်းတင်ပြစဉ်။

❒ **ကျောက်ဖြူရေနက်ဆိပ်ကမ်းကို ပြည်ပကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်စေရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်၊ ကျောက်ဖြူစက်မှုဇုန်နှင့် ပတ်သက်၍လည်း စီမံဆောင်ရွက်လျက်ရှိ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသတစ်ခုချင်းစီအလိုက် ၎င်းဒေသနှင့်ကိုက်ညီနိုင်မည့် စီးပွားရေးလုပ်ငန်းများကို ရေတိုရေရှည်တွက်ချက် ဘက်ပေါင်းစုံမှ တွက်ချက်စဉ်းစားဆောင်ရွက်ကြရခြင်းဖြစ်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းကို ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်အတွက် အဘက်ဘက်မှ ကြည့်ရှုစဉ်းစားပြီး အောင်မြင်အောင်ဆောင်ရွက်ရမည်**

## ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး ပညာရေးအားပေးမြှင့်တင်

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် အဓိကလိုအပ်ချက်သည် လူသားအရင်းအမြစ်ကောင်းများ များစွာ ပေါ်ထွက်လာရေးပင်ဖြစ်သည့်အတွက် ပညာရေးကို အားပေးမြှင့်တင်လျက်ရှိကြောင်း၊ အတန်းပညာရှိမှသာ အသိပညာ၊ အတတ်ပညာများ တိုးတက်ရရှိမည်ဖြစ်သည့်အတွက် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ပညာရေးကို အားပေးဆောင်ရွက်ကြရမည့်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောက်ဖြူဒေသတွင် ပညာတတ်များပေါများစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်း ပညာတတ်များပေါများမှသာ ဒေသတိုးတက်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများကို ရရှိမည်ဖြစ်ကြောင်း။

## စိုက်ပျိုးမွေးမြူရေး

ကျောက်ဖြူဒေသတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရှိပြီးဖြစ်ကြောင်း၊ ကျောက်ဖြူခရိုင်အတွင်း စပါးအထွက်နှုန်းများ ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးရှိမည်ဖြစ်ပြီး စပါးစိုက်တောင်သူများအတွက် ဝယ်လိုအားတက်လာစေမည်ဖြစ်ကြောင်း၊ တိုင်းပြည်အတွက်လည်း ဝင်ငွေပိုမိုရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် တောင်သူတစ်ဦးချင်း တစ်ယောက်ချင်းစီ၏ ဝင်ငွေများ တိုးပွားလာမှုမှအစပြု၍ ဒေသတွင် နေထိုင်သူများအားလုံး၏ ဝင်ငွေများ ယခင်ကထက် တိုးတက်ကောင်းမွန်လာပြီး ဒေသတွင်း လည်ပတ်သုံးစွဲငွေများပြားလာကာ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဧကချင်းအထွက်နှုန်းများကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသ၏လိုအပ်ချက်ကို ပြည့်မီအောင် ဦးစားပေးဆောင်ရွက်ပြီး ယင်းထက် ပိုမိုထုတ်လုပ်နိုင်မည်ဆိုပါက အခြားဒေသများ၊ ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် မျိုးကောင်းရန်၊ မြေဩဇာနှင့် အောင်ရေလုံလောက်စွာရရှိရန်၊ စိုက်နည်းစနစ်များ ကောင်းမွန်ရန်လိုကြောင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့် မြေဩဇာများရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်မည်ဆိုပါက ဇီဝမြေဩဇာများရရှိနိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသနှင့်ကိုက်ညီသည့် ငါးနှင့်ပုစွန်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကျောက်ဖြူဒေသ၏ စီးပွားရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့် ပတ်သက်၍ ဒေသတွင်းကောင်းမွန်စွာ ပေါက်ရောက်ဖြစ်ထွန်းသည့် အုန်းပင်ကို အကျိုးရှိစွာအသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ အုန်းနှင့် အုန်းထွက်ပစ္စည်းများမှ အရည်အသွေးမြင့်ထုတ်ကုန်ပစ္စည်းအမျိုးအမည်များစွာကို ထုတ်လုပ်ရောင်းချနိုင်သည်ဖြစ်သဖြင့် ကျောက်ဖြူဒေသတွင် အုန်းစိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ကြောင်း၊ အုန်းစိုက်ပျိုးခြင်းဖြင့် ဒေသအတွင်း အုန်းထွက်ပစ္စည်းများကို ထုတ်လုပ်နိုင်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကာ ဒေသဝင်ငွေ ပိုမိုရရှိစေမည်ဖြစ်ကြောင်း။

အလားတူ သဘာဝဘေးဒဏ်ကို ခံနိုင်ရေးနှင့် မိုးလေဝသမှန်ကန်စေရေးတို့အတွက် အရိပ်ရလေကာပင်များ၊ လမုပင်များကို စိုက်ပျိုးရန်လိုသကဲ့သို့ ရှိပြီးဖြစ်သည့် သစ်ပင်သစ်တောများကိုလည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ သစ်ပင်သစ်တောများအားလုံးသည် သဘာဝဘေးဒဏ်ကာကွယ်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ သူနာပြုနှင့်သားဖွား သင်တန်းကျောင်းအဆောက်အဦ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တောတပ်နယ်ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# ပေးအပ်ထားသည့် တာဝန်များကို ကြည်သာရွှင်ပျစွာ ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး တပ်နှင့် ဒေသ၏ ကောင်းရာကောင်းကျိုးကို အကျိုးပြုနိုင်ရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တောတပ်နယ်ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား အဆိုပါ ရေတပ်စခန်းဌာနချုပ် ခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများ၊ စစ်တောတပ်နယ်ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

❖ **တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်ဖြစ်ပြီး တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ တပ်မတော် (လေ) ဟူ၍ မြေပြင်၊ ရေပြင်၊ ဝေဟင် လုံခြုံရေးတာဝန်များကို စုပေါင်းအားဖြင့် ကာကွယ်စောင့်ရှောက်ရမည်**

## နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာ၌ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် တပ်မတော်သည် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရသည့် အခြေအနေမှန်များနှင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နေရမှုများကို သိရှိနားလည်နေရမည်ဖြစ်ကြောင်းဖြင့် ဦးစွာပြောကြားပြီး နိုင်ငံတော်တွင် ပြည်သူ့ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရေး တပ်မတော်မှ ဦးဆောင် ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဒီမိုကရေစီအစိုးရကာလများတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး တိုးတက်မှုများရှိသကဲ့သို့ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလတွင် စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ အားနည်းချက်များရှိခဲ့ခြင်းကြောင့် ပြည်သူလူထုမှ ရွေးကောက်ခံအစိုးရအပေါ် ယုံကြည်မှုအားနည်းမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် ရွေးကောက်ပွဲတွင် အနိုင်ရရှိရေး မသမာသော နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့မှုများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့သည့်အတွက် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ် အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုများ၊ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကို သင်ခန်းစာယူပြီး လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ အပါအဝင် လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ စီမံဆောင်ရွက်လျက်ရှိမှုနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ လူတစ်ဦးပင်ဖြစ်စေ၊ နိုင်ငံတစ်ခုပင်ဖြစ်စေ အမြဲမပြတ် ကြိုးပမ်းအားထုတ်နေမှသာလျှင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့်လည်း အခက်အခဲများကြားမှ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်း ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

## လူသာလျှင် အဓိကဖြစ်သဖြင့် အရည်အသွေးရှိပြီး စိတ်ဓာတ်ကောင်းသည့် စစ်သည်များဖြစ်ရန် အရေးကြီး

တပ်မတော်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ **တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်ဖြစ်ပြီး တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ တပ်မတော် (လေ) ဟူ၍**

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၃ မှ*

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ ကျောက်ဖြူရေနက်ဆိပ်ကမ်းကို ပြည်ပကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်စေရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်ဖြူစက်မှုဇုန်နှင့် ပတ်သက်၍လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသတစ်ခုချင်းစီအလိုက် ၎င်းဒေသနှင့် ကိုက်ညီနိုင်မည့် စီးပွားရေးလုပ်ငန်းများကို ရေတိုရေရှည် တွက်ချက် ဘက်ပေါင်းစုံမှ တွက်ချက်စဉ်းစား ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းကို ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်အတွက် အဘက်ဘက်မှ ကြည့်ရှုစဉ်းစားပြီး အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထားဆောင်ရွက်ရမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ကျောက်ဖြူဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြစေလိုပြီး ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို ထုတ်ပေးလျက်ရှိကြောင်း။

## အိမ်သာလျှင် ဧည့်လာမည်

ထို့ပြင် ကျောက်ဖြူဒေသသည် သာယာလှပသည့် ပတ်ဝန်းကျင်နှင့် သဘာဝအလှရှုခင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်သဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အောင်မြင်စွာ ဆောင်ရွက်၍ရနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းသို့ လာရောက်သူများပြားစေရေး ဒေသတည်ငြိမ်အေးချမ်းမှု၊ သန့်ရှင်းသပ်ရပ်မှု၊ ဒေသထွက်အစားအစာများနှင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်မှုတို့ဖြင့် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များကို ဆွဲဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ အိမ်သာယာမှသာလျှင် ဧည့်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ဒေသတွင်လာရောက်တာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံများ အားလုံးက အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့် တိုင်းပြည်အကျိုးကို ကြည့်၍ မိမိတို့တစ်ဦးချင်းစီအလိုက် ဆောင်ရွက်ရမည်များကို တတ်စွမ်းသရွေ့ ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြစေလိုပြီး မျိုးဆက်သစ်များ၊ နောင်လာနောက်သားများအတွက် အနာဂတ်ကောင်းကို ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိကြရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်မီမီဝင်းနှင့် ပညာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ကောလိပ်အတွင်း အသစ်ဆောက်လုပ်လျက်ရှိသည့် သုံးထပ် ပင်မစာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ကောလိပ်အတွက် လိုအပ်ချက်များကို တင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အသစ်ဆောက်လုပ်ထားရှိသည့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း အဆောက်အဦ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပေးအပ်လာသည့်တာဝန်များကို ကြည်သာရွှင်ပျစွာ ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး မိမိတို့တာဝန်များကို လေးလေးစားစားဖြင့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပါက မိမိတို့၏ တာဝန်ထမ်းဆောင်မှုများကို အသိအမှတ်ပြုခံရမည်ဖြစ်

*စာမျက်နှာ ၄ မှ*

**မြေပြင်၊ ရေပြင်၊ ဝေဟင် လုံခြုံရေးတာဝန် များကို စုပေါင်းအားဖြင့် ကာကွယ်စောင့်ရှောက်ရမည်** ဖြစ်ကြောင်း၊ တပ်မတော်(ရေ) အနေဖြင့် နိုင်ငံတော်၏ ရေပြင်ပိုင်နက်နယ်နိမိတ်များကို ကာကွယ်စောင့်ရှောက် ရန်ဖြစ်ကြောင်း၊ ရေပေါ်၊ ရေအောက်ပိုင်နက်နယ်နိမိတ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် စစ်သည်တစ်ဦးချင်း နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ လောကဦ မည်သည့်အရေး ကိစ္စကိုမဆို လူပါဝင်ဆောင်ရွက်ရပြီး လူ၏ကြိုးစားအားထုတ်မှုဖြင့်သာ လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ပြီး လူသာလျှင်ပဓာနဖြစ်ကြောင်း။

ထို့ကြောင့် လူတစ်ဦးချင်း၏ အရည်အသွေးများ ခိုင်မာခြင်းသည် အရေးကြီးကြောင်း၊ တပ်တစ်ခုကောင်းရန်မှာလည်း တပ်တွင် တာဝန်ထမ်းဆောင်သည့် သူများ အရည်အချင်းရှိရန်၊ စိတ်ဓာတ်ကောင်းရန် အရေးကြီးကြောင်း၊ ကျောက်ဖြူဒေသ၏ ထူးခြားချက်သည် ကုန်းမြေနှင့် ရေပြင်ထိစပ် ဆက်စပ်လျက်ရှိပြီး နယ်မြေခံတပ်များအနေဖြင့် ရေပြင်၊ မြေပြင် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရကြောင်း၊ နိုင်ငံတော်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရာတွင် မှန်မှန်ကန်ကန် တာဝန်ကျေပွန်အောင် ထမ်းဆောင်ရန်လိုပြီး မိမိတို့ တစ်ဦးတစ်ယောက်၏ တာဝန်လစ်ဟင်းမှုများသည် ဆုံးရှုံးမှုနှင့် ပေးဆပ်ရမှုများ ကြီးမားစွာ ဖြစ်ပေါ်လာနိုင်သည့်အတွက် နိုင်ငံနှင့် တပ်မတော်အတွက်၊ ပြည်သူ့အတွက် သစ္စာရှိစွာဖြင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

## အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ အတူတကွ လက်တွဲ၍ အနာဂတ်နိုင်ငံတော်ကို ကောင်းမွန်စွာ ပုံဖော်နိုင်ရမည်

တပ်မတော်သည် ပြည်သူတို့နှင့်အတူလက်တွဲပြီး လွတ်လပ်ရေးကို ရယူပေးခဲ့ပြီး ပြည်ထောင်စုကြီး မပြိုကွဲရေးနှင့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားကာ ယနေ့အချိန်အထိ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည်ကို သိရှိပြီးဖြစ်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရသဘောထားကွဲလွဲမှုများ၊ အယူဝါဒရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပေါ်ပေါက်လာသည့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများကိုလည်း မိမိတို့၏ ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြစ်သည်ဟူသည့် စိတ်ဖြင့် အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းသာ ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတိုင်းပြည်၏ ပကတိအခြေအနေမှန်ကို သိရှိနားလည်ရမည်ဖြစ်ပြီး စစ်ရေးသတိ၊ စစ်ရေးအသိနှင့် လုံခြုံရေးအမြင်များ ရှိရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ကို အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ အတူတကွ လက်တွဲ၍ ကောင်းမွန်စွာ ပုံဖော်နိုင်ရမည်ဖြစ်ကြောင်း၊ **ပေးအပ်လာသည့် တာဝန်များကို ကြည်သာရွှင်ပျစွာ ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး မိမိတို့တာဝန်များကို လေးလေးစားစားဖြင့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပါက မိမိတို့၏ တာဝန်ထမ်းဆောင်မှုများကို အသိအမှတ်ပြုခံရမည်ဖြစ်**ကြောင်း၊ ထို့ပြင် မိမိတို့ တာဝန်ကျရာဒေသ၌လည်း ကြည်သာရွှင်ပျစွာဖြင့် တပ်၏ကောင်းရာကောင်းကျိုး၊ ဒေသ၏ ကောင်းရာကောင်းကျိုးကို ထမ်းဆောင်ကြရန်လိုကြောင်း။

ကျောက်ဖြူဒေသသည် ရာသီဥတုပြင်းထန်သည့် ဒေသတစ်ခုဖြစ်သည့်အတွက် ကျန်းမာရေးကို ဂရုတစိုက်ဖြင့် နေထိုင်ခြင်း၊ မမျှော်လင့်ထားသည့် သဘာဝဘေးအန္တရာယ်များအတွက် သတိရှိရှိဖြင့် နေထိုင်ခြင်း၊ ကြိုတင်ပြင်ဆင်ထားရှိခြင်းတို့ကို ဆောင်ရွက်ကြရန်လိုကြောင်း၊ သွားရေးလာရေး ဝေးလံခက်ခဲသည့်ဒေသဖြစ်သဖြင့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး စားရေးကို အထောက်အကူဖြစ်စေရမည်ဖြစ်ကြောင်း။

ပညာရေးနှင့် ပတ်သက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့ဘဝ တိုးတက်ရေးကို အထောက်အကူပြုစေမည့် ဗဟုသုတများရရှိစေရန် စာအုပ် စာစောင်များကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ မိမိကိုယ်တိုင် အသိပညာဗဟုသုတရရှိစေမည့် စာကောင်းပေမွန်များကို လေ့လာဖတ်ရှုရုံသာမက မိမိတို့၏ ကလေးငယ်များကိုလည်း ပညာရည်မြှင့်တင်ပေးရန်လိုကြောင်း၊ သို့မှသာ ၎င်းတို့၏ ဘဝတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ သားသမီးများ၏ ပညာရည်မြင့်မားရေး အတွက် အားပေးဆောင်ရွက်၍ မိဘကောင်းများဖြစ်အောင် ဆောင်ရွက်ကြစေလိုပြီး ကောင်းမွန်သည့် ပညာအမွေကို ပေးနိုင်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

## စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ နယ်မြေခံရေတပ်စခန်း၌ာနချုပ်မှူးက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ နယ်မြေခံ ရေတပ်စခန်း၌ာနချုပ်၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေတပ်စခန်း၌ာနချုပ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးသို့ ဖေဖော်ဝါရီလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာသန်း ၄၀ နှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၁၇၂၅ သန်း လာရောက်ရင်းနှီးမြှုပ်နှံ

**ပဲခူး ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၃) အစည်းအဝေးကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက်က နံနက်က ကျင်းပသည်။**(ယာပုံ)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုး၊ မွေးမြူရေးကို အဓိကထား လုပ်ကိုင်သည့် တိုင်းဒေသကြီး တစ်ခုဖြစ်သဖြင့် စက်ရုံများ လာရောက် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ် ဆောင်ရွက်စေလိုကြောင်း၊ တည်ငြိမ်အေးချမ်းသည့် ပဲခူးဒေသအား စီးပွားရေး ရင်းနှီးမြှုပ်နှံမှုဇုန် တစ်ခုအနေဖြင့် ပြည်တွင်း/ ပြည်ပ စက်မှုလက်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာမှု ပိုမိုများပြားလာသဖြင့် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ထပ်မံဖြည့်ဆည်းပေးနိုင်ရန် အရေးကြီးကြောင်း၊ စက်မှုလုပ်ငန်းများ ခွင့်ပြုပေးရာတွင် နောင်အနာဂတ် အစိုးရစီမံကိန်းများနှင့် လွတ်ကင်းမှုရှိစေရေး သတိချပ်ရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ရပ်နားခဲ့ရသည့် စက်ရုံ/ အလုပ်ရုံများ၊ တည်ဆောက်ဆဲ စက်ရုံအလုပ်ရုံများ ပြန်လည်စတင်ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များကို ဥပဒေနှင့်အညီ ကူညီဆောင်ရွက် ပေးသွားရမည်ဖြစ်ကြောင်း၊ စက်မှုဇုန်နယ်မြေများအလိုက် ကော်မတီများ ဖွဲ့စည်းသွားရန်နှင့် စက်မှုလုပ်ငန်းများတွင် အသုံးပြုမည့် ခွင့်ပြုဓာတုပစ္စည်းများကို လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး စနစ်တကျ သိုလှောင်သုံးစွဲရန် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုလတ်က မြန်မာနိုင်ငံသားပိုင် Shwe Gyin Shwe Pin Co., Ltd ၏ မှိုင်းခံရော်ဘာပြားထုတ် စက်ရုံသစ် ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြစ်သည့် Hansae Bago Co., Ltd ၏ အဝတ်အထည် အမျိုးမျိုးထုတ်လုပ်သည့် စက်ရုံသစ် ရင်းနှီးမြှုပ်နှံမှု၊ စက်ရုံမြေ တိုးချဲ့ခြင်း၊ ကုန်ကြမ်းပစ္စည်း ပြောင်းလဲ တင်သွင်းခြင်း၊ လုပ်သားဦးရေ တိုးချဲ့ခန့်ထားခြင်းနှင့် တည်ဆောက်ရေးကာလ တိုးမြှင့်ခြင်း စသည့်စက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် ကော်မတီဝင်များက ပြန်လည်အကြံပြု ဆွေးနွေးခဲ့မှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်ပေးသည်။



အဆိုပါ လုပ်ငန်းများ၏ တင်ပြချက်များအရ ပဲခူးတိုင်းဒေသကြီးတွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာသန်း ၄၀နှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၁၇၂၅ သန်း ထပ်မံလာရောက် ရင်းနှီးမြှုပ်နှံခဲ့သည့်အတွက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၇၃ ဒသမ ၇၈၃ သန်းနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု မြန်မာကျပ်ငွေ ၇၅၂၃၅ ဒသမ ၇၇၅ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၈၄၅၈ဦး ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့ မြို့ရေပေးဝေရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့ရေပေးဝေရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



**ရေရရှိရေး ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့ရေပေးဝေရေး ကန်တော်ကြီးနှင့် ရေစုကန်အစုအဖွဲ့နေရာသို့ ရောက်ရှိကြရာ ပြည်နယ်စည်ပင် ကန်တိုးချဲ့ခြင်းနှင့် ရေစုကန်များ အတွင်းသို့ ခမီကြိမ်ချောင်း ရေလှောင်တမံမှ ရေသွယ်တန်း ဖြည့်တင်းခြင်း နည်းလမ်း အပါအဝင် အခြားနည်းများဖြင့် ရေရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိမှုတို့ကို ရှင်းလင်း



**ရေစုကန်များ ကြည့်ရှု**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရေစုကန်များကို ကြည့်ရှုစဉ်။

သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်မိုးနှင့် တာဝန်ရှိသူများက စစ်တွေမြို့အတွင်းရှိ ပြည်သူများ၏ နေ့စဉ်နှင့် နှစ်စဉ်ပျမ်းမျှ သုံးရေလိုအပ်ချက်ပမာဏ၊ သုံးရေလိုအပ်ချက်အတွက် ကန်တော်ကြီးနှင့် ရေစုကန်အစုအဖွဲ့၊ ဆတ်ရိုးကျ ရေစုကန်အစုအဖွဲ့တို့ဖြင့် မိုးရေကို သိုလှောင်၍ ရေပေးဝေရေး ဆောင်ရွက်လျက်ရှိမှု၊ နှစ်စဉ် မိုးရွာသွန်းမှု အခြေအနေများနှင့် ရေသိုလှောင်နိုင်မှု၊ ၂၀၁၇ ခုနှစ်မှစ၍ မိုးရေချိန်ရရှိမှု နည်းလာခြင်း၊ မြို့နေလူဦးရေ တိုးပွားလာခြင်းတို့ကြောင့် ရေပေးဝေရေးတွင် လိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိမှုနှင့် ရေလှောင်တင်ပြကြသည်။

**ရေလိုအပ်ချက်ဖြည့်ဆည်းပေး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြို့နေပြည်သူလူထုတို့၏ နေ့စဉ်သုံးရေလိုအပ်ချက် ပမာဏကို ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရေချိုကို သိုလှောင်၍ ဖြန့်ဖြူးပေးသည့် နည်းလမ်းအပြင် ဒေသတွင်းရှိ ရေငန်ကို ရေချိုသုံးရေအဖြစ် ပြောင်းလဲအသုံးပြုနိုင်မည့် နည်းလမ်းများကိုလည်း စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မြို့ပတ်ဝန်းကျင်ကို မထိခိုက်စေနိုင်မည့် မြို့၏

**“ကန်တော်ကြီးရေစုကန်၏ သန့်ရှင်းသပ်ရပ်မှုနှင့် ကြံ့ခိုင်မှုတို့ကို ပြန်လည်မြှင့်တင်ဆောင်ရွက်ရမည်၊ ရေစုကန်များ သတ်မှတ်ပမာဏအထိ ရေစုဆောင်းနိုင်မှုမရှိခြင်းသည် မိုးရေချိန် လုံလောက်စွာရရှိမှုမရှိခြင်းကြောင့်ဖြစ်၊ ဒေသအတွင်းရှိ သစ်တောသယံဇာတများကို အလွန်အမင်း ထုတ်ယူသုံးစွဲခြင်းသည် ရာသီဥတုဖောက်ပြန်ခြင်း၊ မိုးရွာရက်နည်းခြင်းနှင့် သဘာဝဘေးအန္တရာယ်တို့ကို ဖြစ်ပေါ်စေနိုင်သဖြင့် ဒေသအတွက် အကျိုးရှိသည့် လမုပင်အပါအဝင် သစ်တောသစ်ပင် စိုက်ပျိုးခြင်းများကို မဖြစ်မနေ ဆောင်ရွက်ရမည်”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်မိုး က ရေပေးဝေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ ရှင်းလင်းတင်ပြစဉ်။

မြောက်ဘက်ခြမ်းတွင် မြေအောက်ရေ ထုတ်ယူသုံးစွဲနိုင်ရေး ဆန်းစစ်သုတေသနပြု တိုင်းတာခြင်းကို အမြန်ဆုံးဆောင်ရွက်၍ ပြန်လည်တင်ပြရန်လိုကြောင်း၊ မြေအောက်ရေကို လုံလောက်စွာ ထုတ်ယူသုံးစွဲနိုင်မည့် အခြေအနေရှိပါကလည်း လောင်စာဆီအသုံးပြု၍ ရေတင်ခြင်းထက် လျှပ်စစ်ဖြင့် ရေတင်ခြင်း၊ ဆိုလာစွမ်းအင်သုံး လျှပ်စစ်ဖြင့် ရေတင်ခြင်းတို့ ဆောင်ရွက်နိုင်ရေး တွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း။

လက်ရှိ ကန်တော်ကြီး ရေစုကန်၏ သန့်ရှင်းသပ်ရပ်မှုနှင့် ကြံ့ခိုင်မှုတို့ကို ပြန်လည်မြှင့်တင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ရေစုကန်များ သတ်မှတ်ပမာဏအထိ ရေစုဆောင်းနိုင်မှုမရှိခြင်းသည် မိုးရေချိန်လုံလောက်စွာရရှိမှု မရှိခြင်းကြောင့် ဖြစ်ကြောင်း၊ ဒေသအတွင်းရှိ သစ်တောသယံဇာတများကို အလွန်အမင်း ထုတ်ယူသုံးစွဲခြင်းသည် ရာသီဥတု ဖောက်ပြန်ခြင်း၊ မိုးရွာရက် နည်းခြင်းနှင့် သဘာဝဘေး အန္တရာယ်တို့ကို ဖြစ်ပေါ်စေနိုင်သဖြင့် ဒေသအတွက် အကျိုးရှိသည့် လမုပင်အပါအဝင် သစ်တောသစ်ပင် စိုက်ပျိုးခြင်းများကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ သစ်ပင်သစ်တောများ များပြားစွာ ရှိမှသာလျှင် ရေငွေ့ကို ထိန်းနိုင်မည်ဖြစ်ပြီး မိုးရေချိန်သည်လည်း များပြားစွာ ရရှိနိုင်မည်ဖြစ်သည့်အတွက် ဒေသအကျိုးကို ရေရှည်ကြည့်၍ စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

**သုံးရေလိုအပ်ချက်ပေးနိုင်ရေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေစုကန်များကို ကြည့်ရှုပြီး လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်နိုင်ရေးနှင့် ဒေသ၏ သုံးရေလိုအပ်ချက်ကို ပြည့်မီအောင် ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တက်ရောက်လာကြသူများ (၂၀၂၂-၂၀၂၃) ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံး (အမျိုးသား) ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်ဇုန်အသင်းနှင့် ပုသိမ်ဇုန်အသင်းတို့ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြစဉ်။

❖ *ကျောဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် (၂၀၂၂-၂၀၂၃) ပညာသင်နှစ်တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံး (အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်ဇုန်အသင်းနှင့် ပုသိမ်ဇုန်အသင်းတို့ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

**အကြိတ်အနယ်ယှဉ်ပြိုင်**

အဆိုပါ ပွဲစဉ်တွင် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ် အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကြပြီး ပွဲကစားချိန် ၇ မိနစ်တွင် ရန်ကုန်ဇုန်အသင်းက အဖွင့်ဂိုး ဦးဆောင်သွင်းယူနိုင်ခဲ့သော်လည်း ပုသိမ်ဇုန်အသင်းက ပွဲကစားချိန် ၃၃ မိနစ်တွင် ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။

ယင်းနောက် ဒုတိယပိုင်းကို ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲကစားချိန် ၆၁ မိနစ်တွင် ရန်ကုန်ဇုန်အသင်းက ဒုတိယ ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၇၁ မိနစ်တွင် ပုသိမ်ဇုန်အသင်းက ချေပဂိုး ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ဒုတိယပိုင်း ပွဲပြီးဆုံးချိန်အထိ တစ်ဖက် နှစ်ဂိုးစီရရှိခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပထမဆုရရှိသည့် ရန်ကုန်ဇုန်အသင်းကို တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်း ဒုတိယဆုရရှိသည့် ပုသိမ်ဇုန်အသင်းကို ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် အချိန်ပိုယှဉ်ပြိုင်ကစားကြရာ ပုသိမ်ဇုန်အသင်းက အချိန်ပို ၇ မိနစ် ၃၄ စက္ကန့်တွင် တတိယဂိုးကို သွင်းယူနိုင်ခဲ့သော်လည်း ရန်ကုန်ဇုန်အသင်းက ပွဲကစားချိန် ၁၃ မိနစ် ၅၀ စက္ကန့်တွင် ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးသွင်းယူခဲ့သဖြင့် တစ်ဖက် သုံးဂိုးစီ ရရှိကြသည်။

ဆက်လက်၍ ပယ်နယ်တီ ငါးလုံး အဆုံးအဖြတ်ရယူရာ ရန်ကုန်ဇုန်အသင်းက လေးဂိုးနှင့် ပုသိမ်ဇုန်အသင်းက သုံးဂိုးသွင်းယူနိုင်ခဲ့သဖြင့် ရန်ကုန်ဇုန်အသင်းက စုစုပေါင်း ခုနစ်ဂိုး - ခြောက်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက အကောင်းဆုံးဂိုးသမား ဆုရရှိသည့် ပုသိမ်ဇုန်အသင်းမှ ဂိုးသမား ဟိန်းထက်ကိုကို၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အကောင်းဆုံး နောက်တန်း အားကစားသမားဆု ရရှိသည့် မော်လမြိုင်ဇုန် အသင်းမှ ဆန်းပြည့်စုံစိုး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရန်ကျော်က အကောင်းဆုံး အလယ်တန်း အားကစားသမားဆု ရရှိသည့် ရန်ကုန်ဇုန်အသင်းမှ အောင်နိုင်စိုး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ခွန်စံလွင်က အကောင်းဆုံး ရှေ့တန်း အားကစားသမားဆု ရရှိသည့် မကွေးဇုန်အသင်းမှ ရဲရင့်မောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်းက ဂိုးသွင်းအများဆုံး အားကစားသမားဆုရရှိသည့် ရန်ကုန်ဇုန်အသင်းမှ လှိုင်ဘွား၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးမောင်ကို က ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသည့် ရန်ကုန်ဇုန်အသင်းမှ နေစိုးလင်းတို့ကို တစ်ဦးချင်း အကောင်းဆုံး ဆုတံဆိပ်နှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် တတိယဆုရရှိသည့် မော်လမြိုင်ဇုန်အသင်းကို ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကို ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသည့် ရန်ကုန်ဇုန်အသင်းမှ နေစိုးလင်းကို ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် က တတိယဆုရရှိသော မော်လမြိုင်ဇုန်အသင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ပိုးရယ်အောင်သိန်းက ဒုတိယဆုရရှိသော ပုသိမ်ဇုန်အသင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပထမဆုရရှိသည့် ရန်ကုန်ဇုန်အသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**တံခွန်စိုက်ဆုဖလားချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပထမဆုရရှိသည့် ရန်ကုန်ဇုန်အသင်းကို ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

**အောက်ဇုန်လေးခု၊ အထက်ဇုန်လေးခု သတ်မှတ်**

ယခုကျင်းပခဲ့သည့် ဘောလုံးပြိုင်ပွဲသည် အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များကို အောက်မြန်မာပြည်ဇုန်လေးခုနှင့် အထက်မြန်မာပြည် ဇုန်လေးခု သတ်မှတ်၍ လူရွေးပွဲများကို သက်ဆိုင်ရာဇုန်အလိုက် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး (ပထမနေ့)ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး(ပထမနေ့)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး မစတင်မီ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများကို နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက အခမ်းအနားမှူး ဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်အားလုံးက "သာသနဿ စ လောကဿ ဝုဍ္ဍိ ဘဝတု သဗ္ဗဒါ" အစချီသော နှစ်ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အခမ်းအနားကို ဖွင့်လှစ်တော်မူကြပြီး နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကထာများကို နာယူကြသည်။

ထို့နောက် အစည်းအဝေး သဘာပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(သာရဏီယ ဩဝါဒကထာ အပြည့်အစုံကို စာမျက်နှာ ၉ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ၁၃၈၃ ခုနှစ်၊ တပေါင်းလမှ ၁၃၈၄ ခုနှစ်၊ တပေါင်းလအထိ တစ်နှစ်တာ ကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းများ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ပြီး တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ အစီရင်ခံစာအကျဉ်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်၊အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ကိုယ်စား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာ လင်္ကာရာဘိဝံသက တင်သွင်းလျှောက်ထားသည်။

မွန်းလွဲပိုင်းတွင် တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်းရာ ဝိနိစ္ဆယရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓါစာရာ ဘိဝံသက လည်းကောင်း၊ သာသနာရေးရာ ကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တရက လည်းကောင်း၊ ပညာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒဝရ က လည်းကောင်း ဖတ်ကြားတင်သွင်းပြီး ပထမနေ့အစည်းအဝေးကို ရပ်နားလိုက်သည်။

ယနေ့ အစည်းအဝေးသို့ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ရရှိတော်မူသော Most Venerable Prof. Kumburugamuwe Vajira Mahathera ဦးဆောင်သည့် သီရိလင်္ကာနိုင်ငံမှအဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် ဆရာတော်ကြီး သုံးပါးနှင့် အဖွဲ့၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ သံအမတ်ကြီး JANAKA PRIYA–NTHA BANDARA တို့ လေ့လာတက်ရောက် ကြည်ညိုခဲ့ကြကြောင်းနှင့် အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော ဆရာတော်များကိုတစ်နေ့တာဆွမ်းအလှူရှင်အဖြစ် ဦးသိန်းမောင်နှင့် ဇနီး ဒေါ်ပါးပါး စန္ဒီပရဆေး မိသားစု၊ အမှတ် ၂၄၀၊ ကုန်ဈေးတန်းလမ်း၊ ရန်ကုန်မြို့က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံ၏ဂုဏ်သိက္ခာကိုမြှင့်တင်ရန်၊ ပြိုင်ပွဲတွင်အဆင့်အတန်းမြင့်မြင့်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အစွမ်းကုန်ကြိုးစားလေ့ကျင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမားများ၏ နောက်ဆုံးအကြိမ် လက်ရည်ဆန်းစစ်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ယနေ့နံနက်ပိုင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှု အားပေးကြသည်။

လက်ရည်ဆန်းစစ် ဂျူဒိုပြိုင်ပွဲတွင် ဝိတ်တန်းအမျိုးအစားအလိုက် ပွဲစဉ် (၃၆) ပွဲ၌ ဂျူဒိုအားကစားသမား အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၂၈ ဦးတို့သည် အုပ်စုအဖွဲ့ လေးဖွဲ့ခွဲ၍ (ပတ်လည်) ဝင်ရောက်ယှဉ်ပြိုင်ကစားကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် ခြင်းလုံးအားကစားသမားများ၊ ဘော်လီဘော (အမျိုးသမီး) အားကစားသမားများနှင့် ဗိုဗီနမ်အားကစားသမားများ၏ အားကစားနည်းအလိုက် လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက အားကစားအဖွဲ့များမှ အုပ်ချုပ်/နည်းပြနှင့် အားကစားသမားများကို ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် အချိန်ကာလ နီးကပ်လာပြီဖြစ်သည့်အတွက် အားကစားသမားများအနေဖြင့် နည်းပြဆရာ၏ သင်ကြားပြသလေ့ကျင့်ပေးမှုအတိုင်း ကြိုးစားလေ့ကျင့်ကြရန်၊ "ကျန်းမာရေးသည် ပထမ၊ စည်းကမ်းသည် ဒုတိယ၊ စံချိန်သည်တတိယ"ဆိုသည့်ဆောင်ပုဒ်အတိုင်း ကျန်းမာရေးသည် အဓိကအရေးကြီးသည့်အတွက် ကံ၊ ဉာဏ်၊ ဝီရိယတို့ဖြင့် ဆင်ခြင်၍ နေထိုင်၊ သွားလာ၊ စားသောက်၊ လေ့ကျင့်မှုများတွင် အထူးဂရုစိုက်ကြရန်၊ အားကစားသမားများအနေဖြင့် မိမိနိုင်ငံ၏ ဂုဏ်သိက္ခာကို မြှင့်တင်ရန်၊ ပြိုင်ပွဲတွင် အဆင့်အတန်းမြင့်မြင့်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ယခုကတည်းက အစွမ်းကုန်ကြိုးစားလေ့ကျင့်ကြရန်၊ အောင်မြင်မှုဆုတံဆိပ်များ ရရှိအောင် နောက်ဆုံးအချိန်ထိ မဆုတ်မနစ်သော ဇွဲ၊ စိတ်ဓာတ်တို့ဖြင့် ရေကုန်ရေခန်း အားသွန်ခွန်စိုက် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားကြရန်လိုကြောင်း။

မိမိခံနိုင်ရည်အားနှင့် သက်လုံပိုမိုတိုးတက်ကောင်းမွန်ပြီး နည်းစနစ်၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်၍ ကျွမ်းကျင်မှုရှိအောင် ကြိမ်ဖန်များစွာ လေ့ကျင့်သွားကြရန်၊ နည်းပြများအနေဖြင့် အားကစားသမားများ၏ လိုအပ်ချက်များ၊ အခက်အခဲများကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများကို အချိန်နှင့်တစ်ပြေးညီ တင်ပြပေးသွားကြရန်၊ နည်းပြများ အချင်းချင်း ညီအစ်ကိုမောင်နှမကဲ့သို့ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက် လုပ်ကိုင်သွားကြရန်လိုကြောင်း မှာကြားပြီး ဗိုဗီနမ်အားကစားနည်းမှ အားကစားသမား တစ်ဦးအတွက် လိုအပ်သည့် ဆေးကုသစရိတ် ထောက်ပံ့ပေးသည်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ၍ ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏ အစည်းအဝေးအဖွင့် သာရဏီယ သြဝါဒကထာ

[ ၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် (၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်) အင်္ဂါနေ့]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတို့မှ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဟူသော ဦးတည်ချက်ဖြင့် ကြွရောက်တော်မူလာကြကုန်သော သာသနာ့ဦးသျှောင် ဖြစ်တော်မူကြသည့် နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အရှင်မြတ်တို့ဘုရား။

**“မမ သီသာဗာဓံ မမ ဥဒရာဗာဓန္တိ၊ ကိစ္စံ ရောဂံ အနုပဒိသိတွာ ”** ဟူသော သာသနာ့အာဇာနည် မဟာထေရ်အရှင်မြတ်တို့၏ ခံယူချက်အတိုင်း ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှုကို ရှုငဲ့တော်မမူကြဘဲ **“သမဏကိစ္စတော အညံ ကိစ္စာနိ၊ အဇ္ဈုပေက္ခိတွာ ဝိဂ္ဂယှ ကတွာ”** ဟူသော သာသနာ့အာဇာနည် မဟာထေရ်အရှင်မြတ်တို့၏ ကျင့်ထုံးကို နှလုံးမူလျက် ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို လျစ်လျူရှုကာ သာသနာတော်အရေးကိစ္စကိုသာ အလေးဂရုပြု၍ ကြွရောက်တော်မူလာကြသော ဆရာတော်အရှင်မြတ်တို့၏ သာသနာ့စိတ်ဓာတ်ကို လေးမြတ်ကြည်ညိုလျက် သာသနာတော်အတွက် အားတက်ရွှင်လန်းဝမ်းမြောက်ရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သုံးလောကထွတ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရားသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီ၊ စာဂ၊ စရိယတို့ကို ပြည့်ဝအောင် ဖြည့်ကျင့်ဆည်းပူးတော်မူ၍ ရရှိတော်မူခဲ့သော သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါများ၏ အကျိုးစီးပွားအလို့ငှါ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို တည်ထောင်တော်မူခဲ့ပါသည်ဘုရား။ ထိုတည်ထောင်အပ်ပြီးသော သာသနာတော်မြတ်ကြီးကို အဓွန့်ရှည်ကြာစွာ တည်တံ့အောင် လက်ဆင့်ကမ်းထမ်းဆောင်နိုင်ကြမည့် ပဉ္စဝဂ္ဂီငါးပါးတို့နှင့်တကွ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်ဥပါလိ စသော သာဝကတို့ကို ရဟန်းပြုပေးတော်မူလျက် သံဃာ့အဖွဲ့အစည်းကြီးကိုလည်း ဖွဲ့စည်းတည်ထောင်တော်မူခဲ့ပါသည်ဘုရား။

ထိုသံဃာ့အဖွဲ့အစည်းဝင် အရှင်မြတ်တို့သည် မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီးကို ဘုရားရှင် လက်ထက်တော်မှစ၍ လက်ဆင့်ကမ်း ထမ်းဆောင်တော်မူလာခဲ့ကြရာ ယခုမျက်မှောက်ခေတ်တိုင်အောင် နှစ်ပေါင်း(၂၅၆၆) နှစ်သို့ ရောက်ရှိခဲ့ပါပြီဘုရား၊ ထိုသို့ (၂၅၆၆) နှစ်ဟူသော ခရီးရှည်ကြီးကို လျှောက်လှမ်းလာခဲ့ရသည့် ဗုဒ္ဓသာသနာတော်ကြီးသည် **“ခေါက်ရှာ ငှက်ပျံ၊ ခင်ပုပ်ပျံနှင့်၊ ဘုတ်ပျံ ရှူးပျံ၊ လောကခံဟု၊ ထုံးစံတရား၊ ဤရှစ်ပါးကား၊ ပိုင်းခြားလူမှာ၊ မမြဲစွာတည့်”** ဟူသော မန်လည်ဆရာတော်ကြီး၏ လင်္ကာဆောင်ပုဒ်အတိုင်း မြင့်ချည်တစ်ခါ နိမ့်ချည်တစ်လှည့်ဖြင့် အလှည့်အပြောင်း, အတက်အကျရှိခဲ့ပါသည်ဘုရား။ ဖြောင့်ဖြူးသာယာသည့် ခရီးချောကိုသာ လျှောက်လှမ်းခဲ့ရသည်မဟုတ်ဘဲ ဝိတဏ္ဍာဘေး ရှုပ်ထွေးထူပြော မချောမမွေ့သည့် ခရီးကြမ်းကြီးများကိုလည်း လျှောက်လှမ်းခဲ့ရပါသည်ဘုရား။

သာသနာတော်သမိုင်းတွင် ရဟန်း၊ သာမဏေများ သမဏသညာ ကင်းမဲ့ကာ ဝိနည်းသိက္ခာပုဒ်တော်များကို လေးလေးစားစား မကျင့်သုံးတော့ဘဲ မိစ္ဆာဇီဝ အနေသနအမှုတို့ကို ပြုလုပ်ခြင်း၊ လူပြိန်းကြိုက် အဓမ္မဝါဒများကို ဟောပြောကြလျက် သာသနာ့စင်ပြိုင် အဖွဲ့အစည်းများ တည်ထောင်ခြင်း



ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ
အစည်းအဝေးအဖွင့် သာရဏီယ သြဝါဒကထာ မြွက်ကြားတော်မူစဉ်။

စသည့် သာသနာ့အန္တရာယ်များ ပေါ်ပေါက်၍ သာသနာတော် ညှိုးမှိန်ခဲ့ခြင်းများ ကြုံတွေ့ခဲ့ရပါသည်ဘုရား။ ထိုသို့သော သာသနပစ္စတ္ထိက သာသနာ့အန္တရာယ်များကို ဖယ်ရှားသုတ်သင်၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်လာပါသည်ဘုရား။ သို့ဖြစ်ရာ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီး၊ ဂိုဏ်းအသီးသီးတို့မှ သာသနာ့ဦးသျှောင် ဆရာတော်ကြီးများသည် နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှုကိုရယူလျက် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကျင်းပကာ **“သံဃာ့ အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ”** ကို အတည်ပြုတော်မူကြပြီး ယင်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ရပ်ကွက်၊ ကျေးရွာအဆင့်မှ နိုင်ငံတော်အဆင့်အထိ သံဃာ့ဝန်ဆောင်၊ သံဃနာယက အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်း၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဆောင်ရွက်လာခဲ့ကြသည်ကို ဆရာတော်များ သိတော်မူကြပြီးဖြစ်ပါသည်ဘုရား။

**“ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု”** (ဝိ၊ ဋ္ဌ၊ ၁၊ နှာ ၁၁) (ခုဒ္ဒကပါဌ၊ ဋ္ဌ၊ နှာ ၈၂) ဟူသော အဋ္ဌကထာများအရ ဝိနည်းသည် မြတ်စွာဘုရား သာသနာတော်၏ အသက်ဖြစ်သကဲ့သို့ သံဃာ့အဖွဲ့အစည်းအခြေခံ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများသည်လည်း သံဃာ့အဖွဲ့အစည်းကြီး ကျစ်လျစ်စွာ တည်တံ့ရေးအတွက် အသက်သွေးကြောပင် ဖြစ်ပါသည် ဘုရား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းသည် သာမညမည်ကာမတ္တ ရေးဆွဲပြဋ္ဌာန်းထားသော စည်းမျဉ်းမဟုတ်ကြောင်း လျှောက်ထားလိုပါသည်ဘုရား။ ယင်းစည်းမျဉ်းကို ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ၁၃၄၂ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် (၂၅-၅-၁၉၈၀) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်ဘုရား။ သံဃာ့ကိစ္စဖြစ်သည့် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ကိစ္စရပ်များကို ဆောင်ရွက်ရာ၌ တွေ့ကြုံလာရသည့် ပြဿနာရပ်များကို အဆင်ပြေချောမွေ့စွာ ဖြေရှင်းနိုင်ရေးအတွက် ပထမအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်ကို ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ၁၃၄၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် (၂၉-၅-၁၉၈၅)ရက်နေ့တွင် ပြင်ဆင်၍ အတည်ပြုနိုင်ခဲ့ပါသည်ဘုရား။ ရပ်/ကျေး သံဃနာယကအဖွဲ့၊ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်ကို တတိယအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက ၁၃၅၁ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် (၈-၃-၁၉၉၀)ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်ဘုရား။ သံဃာ့ကိစ္စများ ဆောင်ရွက်ရာ၌ အခြေအနေ အချိန်အခါအရ လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရန် တတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်ကို စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးက ၁၃၅၆ ခုနှစ်၊ တပေါင်းလဆန်း (၁၁)ရက် (၁၁-၃-၁၉၉၅)ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါသည်ဘုရား။ ဘုရားရှင်သော်မှ အနုပညတ်သဘောဖြင့် အရာဌာနအားလျော်စွာ ပြင်ဆင်ဖြည့်စွက်ရိုးဖြစ်ရာ သက်တမ်းကြာရှည်သည့် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး တည်တံ့ခိုင်မြဲစေရန် သံဃာ့ဆန္ဒနှင့်အညီ လောကကြောင်း၊ ဓမ္မကြောင်း မတိမ်းစောင်းစေဘဲ စတုတ္ထအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်များကို ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့် (၁၃-၅-၂၀၁၄) ရက်နေ့တွင် ပြင်ဆင်ဖြည့်စွက်အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ဤသို့သက်တမ်းရှည်ကြာ အချိန်ယူကာ အတည်ပြုပြဋ္ဌာန်းထားသော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း တည်မြဲနေသမျှ ကာလပတ်လုံး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးမှစ၍ ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့အထိ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်လည်း မယိုင်မလဲ တည်မြဲနေမည်သာ ဖြစ်ပါသည်ဘုရား။ ထိုသို့သော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့က အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ၌ ပြဋ္ဌာန်းထားသော မိမိတို့ဆိုင်ရာ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်နေပါက ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးသည်လည်း တည်တံ့နေမည်သာဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ဘုရားရှင်ကိုယ်တော်မြတ်က **“န ခေါ ကဿပ ပထဝီဓာတု သဒ္ဓမ္မံ အန္တရ ဓာပေတိ၊ န အာပေါဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ န တေဇောဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ န ဝါယောဓာတု သဒ္ဓမ္မံ အန္တရ ဓာပေတိ၊ အထ ခေါ ဣဓေဝ တေ ဥပ္ပဇ္ဇန္တိ မောဃ ပုရိသာ ယေ ဣမံ သဒ္ဓမ္မံ အန္တရဓာပေန္တိ။ သေယျထာပိ ကဿပ နာဝါ အာဒိကေနေဝ သြပိလဝတိ၊ န ခေါ ကဿပ ဇဝံ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ”** ဟု (သံ၊ ၂၊ ၄၂၃) တွင် ဟောတော်မူခဲ့ပါသည်ဘုရား။ အဓိပ္ပာယ်အကျယ်အားဖြင့် ဘုရားရှင်၏ သာသနာတော်သုံးရပ်သည် ဓာတ်လေးပါး ပျက်ခြင်းကြောင့် ကွယ်ပျောက်ရသည်မဟုတ်ပေ။ သာသနာအတွင်းမှာ ဖြစ်ကြသည့် (သာသနာ့အတွင်းသား)မောဃပုရိသခေါ် ရဟန်းသာမဏေတို့ကြောင့်သာ ကွယ်ပျောက်ရသည်။ ဥပမာအားဖြင့် ဝန်တင်သောလှေသည် ဝန်ပြည့်ခြင်းကြောင့်သာ နစ်မြုပ်ရသကဲ့သို့ ဤအတူပင် ပရိယတ်စသည်ကြောင့် သာသနာတော်ကွယ်ရသည်မဟုတ်။ သာသနာ့တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်ကြဘဲ သာသနာတော်ကြီးကွယ်ပျောက်နစ်မြုပ်အောင် ဖိစီးနေကြသည့် မောဃပုရိသခေါ် သာသနာ့ဝန်စီးများကြောင့်သာ သာသနာကွယ်ပျောက်ရသည်ဟု ဟောတော်မူလိုရင်းဖြစ်ပါသည်ဘုရား။

ထို့ကြောင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ ပါဝင်တော်မူကြသော ဆရာတော်အားလုံးတို့သည် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်အောင် လေ့လာကြစေရန်၊ စိတ်ပါဝင်စားစွာဖြင့် တက်တက်ကြွကြွ ဆောင်ရွက်ချင်လာကြစေရန် နာယကသင်တန်းများပေးခြင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားစေလိုသော စိတ်ဓာတ်များ ဖြည့်တင်းပေးခြင်းဖြင့် သံဃာ့အဖွဲ့အစည်းများ၏ အရည်အချင်းကို မြှင့်တင်ပေးသင့်ပါသည်ဘုရား။ ထို့အပြင် ဝိနည်းဓိုရ်ဆရာတော်များ၏ လုပ်ထုံးလုပ်နည်း ကျွမ်းကျင်မှု အားနည်းခြင်းကြောင့်လည်း ဝိနိစ္ဆယဆုံးဖြတ်ချက်များ ချွတ်ယွင်းခြင်း၊ ပီပြင်မှု မရှိခြင်း၊ မူလပျက်ဖြစ်ခြင်းစသည်များ ကြုံတွေ့နေရသဖြင့် ဝိနည်းဓိုရ် ဆရာတော်များအားလည်း ဝိနည်းဓိုရ်သင်တန်းများပေး၍ အရည်အသွေး မြှင့်တင်သင့်ပါသည်ဘုရား။ နိုင်ငံတော်မှစ၍ ရပ်/ကျေးအထိ သံဃာ့အဖွဲ့အစည်းများ ကျစ်လျစ်စွာ တည်တံ့ခိုင်မြဲအောင် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၌ ပျော့ကွက် ဟာကွက်လိုအပ်ချက်များကို လေ့လာစိစစ်၍ ဖြည့်စွက်ပြင်ဆင် ဖြုတ်ပယ်သင့်သည်များကို ဖြည့်စွက်ပြင်ဆင်ဖြုတ်ပယ်လျက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ပိုမိုကျစ်လျစ်ခိုင်မာသေသပ်စွာ တည်တံ့နိုင်အောင် ကြိုးစားအားထုတ်ကြရန် တိုက်တွန်းလိုပါသည်ဘုရား။

ဤသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အကူအညီကိုရယူလျက် အထက်အဖွဲ့အစည်းများနှင့် အောက်အဖွဲ့အစည်းတို့ ညီညီညွတ်ညွတ် တိုင်ပင်ညှိနှိုင်းပြီးလျှင် မျက်ခြည်မပြတ် သတိချပ်လျက် တက်ကြွလက်တွဲဆောင်ရွက်ကြပါက သာသနာတော် သန့်ရှင်းတည်တံ့ရေးလုပ်ငန်း ဆောင်ရွက်ချက်များ အောင်မြင်ပြီးမြောက်မည် ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စရပ်များ ဆောင်ရွက်ကြရာတွင် တက်တက်ကြွကြွ စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူနိုင်ကြပါစေကြောင်း တိုက်တွန်းလျက် ဘုရားတပည့်တော်၏ သာရဏီယသြဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

တောင်သူလယ်သမားနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံမှုအတွက်သာမက ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံမှုအတွက်ပါ ဖြည့်ဆည်းပေးနေသည့် မြန်မာ့တောင်သူဦးကြီးများ

သီဟစည်သူ

မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခြင်းသည် မိရိုးဖလာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်ပြီး ခေတ်စနစ်များ ပြောင်းလဲလာမှုနှင့်အတူ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင်လည်း ခေတ်စနစ်နှင့်အညီ တိုးတက်ပြောင်းလဲမှုများနှင့် စိန်ခေါ်မှုများစွာကို ကြုံတွေ့နေရသည်။ မြန်မာနိုင်ငံတွင် ဆန်ကိုသာ အဓိက စားသုံးကြခြင်းဖြစ်သဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအပါဆုံး ကောက်ပဲသီးနှံတစ်ခုဖြစ်ကာ လယ်ယာကဏ္ဍ၏ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုလုပ်ငန်းစဉ်များသည် စားနပ်ရိက္ခာ ထုတ်လုပ်မှုအတွက်သာမက ကျေးလက်နေပြည်သူသန်းပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် အဓိကကျောရိုး လုပ်ငန်းကြီးဖြစ်သည်။

❖ မြန်မာနိုင်ငံ အနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ယခုနှစ် ဖေဖော်ဝါရီလ လယ်အထိ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၃၂၃၄ ဒသမ ၂၀၂ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း တင်ပို့မှုမှ ၁၉ ဒသမ ၅၂၀ သန်း၊ ရေထွက်ပစ္စည်း တင်ပို့မှုမှ ၆၄၃ ဒသမ ၇၉၈ သန်း ရရှိခဲ့

❖ စိုက်ပျိုးရေးကို အခြေခံပြီး စားနပ်ရိက္ခာ ကောက်ပဲသီးနှံ ထုတ်လုပ်နိုင်သည့် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းကောင်းများ များစွာ ပေါ်ပေါက်



မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအစိုးရအချင်းချင်း သဘောတူညီမှုအရ ၂၀၂၂ ခုနှစ် အောက်တိုဘာလ အတွင်းက မြန်မာ့တန်းမြင့်ဆန်တင်ပို့ရန် ဆောင်ရွက်နေစဉ်။

## လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု

လယ်ယာသားငါးထွက်ပစ္စည်း တင်ပို့မှုလုပ်ငန်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)တွင် ၂၂ ဒသမ ၇ ရာခိုင်နှုန်းနှင့် ပြည်ပပို့ကုန်တင်ပို့မှုတန်ဖိုး၏ ၃၅ ဒသမ ၁ ရာခိုင်နှုန်းဖြည့်ဆည်းပေးနိုင်ခဲ့သည့်အတွက် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၁၂)ရပ်တွင် **“စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”၊ “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး”** ဟူသည့် ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ယခုနှစ်ဖေဖော်ဝါရီလလယ်အထိ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၂၃၄ ဒသမ ၂၀၂ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှ ၁၉ ဒသမ ၅၂၀ သန်း၊ ရေထွက်ပစ္စည်းတင်ပို့မှုမှ ၆၄၃ ဒသမ ၇၉၈ သန်း ရရှိခဲ့သည်။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးကဏ္ဍအသီးသီး၏ ကုန်ထုတ်လုပ်မှုတွင် အဟန့်အတားများစွာဖြစ်ပေါ်ခဲ့သော်လည်း အဓိကစားနပ်ရိက္ခာများ ထုတ်လုပ်မှုတွင် မူလအတိုင်း ထုတ်လုပ်နိုင်ခဲ့သည့်အတွက် ပြည်ပတင်ပို့မှုအနေဖြင့် လယ်ယာထွက်ကုန်မှ အမေရိကန်ဒေါ်လာ ၃၆၅၀ ဒသမ ၂၈ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၁ သန်းနှင့် ရေထွက်ပစ္စည်းမှ အမေရိကန် ဒေါ်လာ ၇၀၅ ဒသမ ၆၃ သန်း စုစုပေါင်း အမေရိကန် ဒေါ်လာ ၄၃၆၁ ဒသမ ၄၂ သန်း ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။ ထို့ကြောင့် မြန်မာ့စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များသည် ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံမှုအတွက်သာမက ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုအတွက်ကိုပါ ဖြည့်ဆည်းပေးလျက်ရှိသည်ကို တွေ့နိုင်သည်။

## စိန်ခေါ်မှုများ

ယနေ့ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှု၊ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် စားနပ်ရိက္ခာဖူလုံမှုအပေါ်တွင် စိန်ခေါ်မှုများစွာ ပေါ်ပေါက်လျက်ရှိသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကထုတ်ပြန်သည့် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှုဆိုင်ရာ အညွှန်းကိန်းများအရ ၂၀၂၁ ခုနှစ်အတွင်း အာဖရိကရှိ လူပေါင်း ၂၇၈ သန်း၊ အာရှဒေသရှိ လူပေါင်း ၄၂၅ သန်းနှင့် လက်တင်အမေရိကနှင့် မြေထဲပင်လယ်ဒေသရှိ လူပေါင်း ၅၆ သန်းခွဲတို့သည် စားနပ်ရိက္ခာဖူလုံမှုမရှိဘဲ ငတ်မွတ်ခေါင်းပါးမှုဒဏ်ကို ခံစားခဲ့ရသည်။ ထို့အတူ ၂၀၃၀ ပြည့်နှစ်အထိ လူဦးရေ သန်း ၆၇၀ နီးပါးသည် အာဟာရချို့တဲ့မှုများ ခံစားကြရဦးမည်ဟုလည်း ခန့်မှန်းထားကြသည်။ ငတ်မွတ်ခေါင်းပါးမှု၊ စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရဆိုင်ရာ ဆုတ်ယုတ်မှုများနှင့် ကမ္ဘာ့ကြီးရင်ဆိုင်နေရသော စီးပွားရေး၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကြောင့် လူတိုင်းအတွက် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ အလွယ်တကူ ပိုမိုရရှိနိုင်ရေးသည် များစွာအရေးပါလျက်ရှိသည်။

ကမ္ဘာ့လူဦးရေသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလအထိ ၈ ဘီလီယံအထိရှိလာပြီး ပြီးခဲ့သည့် နှစ်ပေါင်း ၅၀ ကျော်အတွင်း နှစ်ဆတိုးလာခဲ့သည်။ ၎င်းတို့အနက် အစားအစာနှင့် အာဟာရမလုံလောက်မှု ခံစားနေရသော လူဦးရေသည် ၂၀၀၀ ပြည့်နှစ်တွင် ၁၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ယနေ့အချိန်တွင် ၁၁ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သော်လည်း ကမ္ဘာ့လူဦးရေသန်း ၈၂၀ ခန့်သည် စားနပ်ရိက္ခာလုံခြုံမှု မရှိသေးကြောင်း ကုလသမဂ္ဂ၏ အချက်အလက်များအရ သိရသည်။

လက်ရှိကာလ၌ ကမ္ဘာနိုင်ငံအသီးသီးတွင် ရာသီဥတုဖောက်ပြန်မှုနှင့်အတူ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကဏ္ဍများတွင် စိန်ခေါ်မှုများ တိုးလာနေသည်။ ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအပူချိန်သည် နှစ်စဉ်နီးပါး စံချိန်သစ်တင်ခဲ့ပြီး ကောက်ပဲသီးနှံများကို ပျက်စီးစေသည့် ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် မုန်တိုင်းကြီးများကဲ့သို့ ပြင်းထန်သောရာသီဥတုဖြစ်ရပ်များ ပိုအဖြစ်များလာသည်။ ပိုးမွှားများ၊ ပေါင်းပင်များ၊ ဗိုင်းရပ်စ်များနှင့် ရောဂါများသည် ဇီဝယာအသစ်များသို့ ရွှေ့ပြောင်းပြီး သီးနှံများ၊ မွေးမြူရေးနှင့် ငါး၊ ပုစွန်ထုတ်လုပ်မှုကို ထိခိုက်စေလျက်ရှိသည်။ ရာသီဥတုဖောက်ပြန်ခြင်းသည် ဖမ်းမိငါးဖမ်းလုပ်ငန်း၏ ကုန်ထုတ်စွမ်းအားကို ပြောင်းလဲစေကာ ငါးသိုလှောင်မှု၊ ဖြန့်ဖြူးမှုကိုလည်း ပြောင်းလဲစေပြီး အနာဂတ်တွင် ထုတ်လုပ်မှုလျော့နည်းလာမည်ကို စိုးရိမ်နေကြရသည်။

## အခွင့်အလမ်းကောင်း

ထိုသို့သော အခြေအနေမျိုးတွင် စိုက်ပျိုးရေးကို အခြေခံပြီး စားနပ်ရိက္ခာ ကောက်ပဲသီးနှံ ထုတ်လုပ်နိုင်သည့် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းကောင်းများ များစွာပေါ်ပေါက်လာသည်ကို သုံးသပ်တွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် ပေါ်ပေါက်လာသည့် အခွင့်အလမ်းကောင်းကို အမိအရရယူပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရာတွင် ဆန်စပါးကဏ္ဍသည် ယခင်ကထက် ပိုမိုဦးစားပေး ဆောင်ရွက်ရန် လိုအပ်လာနေပြီဖြစ်သည်။

ထို့ကြောင့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်က ကျင်းပသည့် မြန်မာ့ဆန်စပါး ညီလာခံ- ၂၀၂၂ ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် အမှာစကားတွင် **“အရည်အသွေးနှင့် အထွက်နှုန်း ပိုမိုကောင်းမွန်သည့် ဆန်စပါးတိုးချဲ့စိုက်ပျိုး ထုတ်လုပ်ရေးနှင့် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးကို ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် ဆောင်ရွက်သွားကြရန်နှင့် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် အမျိုးသားပို့ကုန် မဟာဗျူဟာ၏ ဦးစားပေး ပို့ကုန်အမယ်ထဲတွင် ဆန်နှင့်ဆန်ထွက်ပစ္စည်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

လက်ရှိ မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဆန်စပါး ဖူလုံမှုအခြေအနေမှာ ၁၄၂ ရာခိုင်နှုန်းရှိပြီး စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စုစုပေါင်းစပါးစိုက်ပျိုးဧက ၁၇ သန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၅ သန်းခန့်နှင့် နွေစပါး စိုက်ဧက ၂ ဒသမ ၄ သန်း စုစုပေါင်းစပါးစိုက်ပျိုးဧက ၁၇ ဒသမ ၄ သန်းခန့် စိုက်ပျိုးနိုင်ခဲ့သည်။ ယခုနှစ် နွေစပါးရာသီအတွက် စိုက်ပျိုးဧက ၈ ဒသမ ၅ သိန်းတွင် အကျိုးတူလယ်ယာစနစ်ဆောင်ရွက်ရန်အတွက် နိုင်ငံတော်က တစ်ကေလျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် အထူးချေးငွေစီစဉ်ပေးထားပြီး ဆန်စပါးသီးနှံအတွက် ငွေကျပ် ဘီလီယံ ၁၄၀ အထိ ထောက်ပံ့ပေးအပ်သွားရန် စီစဉ်ပေးထားသည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကတာဝန်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားကြီးများ ဈေးကောင်းရမည့် အရည်အသွေးကောင်းသီးနှံများ၊ မွေးမြူရေးတိရစ္ဆာန်များ၊ ရေသတ္တဝါများ၊ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်နိုင်ရန် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းနှင့် နည်းပညာပေးခြင်းများအပြင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း(GAP)၊ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးလေ့ကျင့်စဉ် (GAHP)၊ ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ် (GAqP)တို့ကို ကျင့်သုံးရေးဆောင်ရွက်ခြင်း၊ Myanmar’s GAP Protocol and Guideline များ ထုတ်ပြန်ခြင်းတို့ကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးရေး

အနာဂတ်တွင် ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရိတ်သိမ်းချိန်မတိုင်မီ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် တောင်သူလယ်သမားများအတွက် ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးသည့် သီးနှံအာမခံစနစ်များ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ဒေသရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီပြီး ဈေးကွက်ဝင်အထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို မျိုးအရေအတွက် နည်းနည်း၊ ပမာဏများများဖြင့် ရွေးချယ်စိုက်ပျိုးစေရေး၊ ပြည်တွင်းစားသုံးရန်နှင့် ပြည်ပတင်ပို့ရန် စပါးမျိုးများကို စနစ်တကျရွေးချယ်ပြီး စိုက်ပျိုးရာတွင်လည်း ဒေသအလိုက် ဇုန်များသတ်မှတ်ပြီး စိုက်ပျိုးထုတ်လုပ်ရေး၊

*စာမျက်နှာ ၁၁ သို့*

# ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မိမိတို့ဌာနအနေဖြင့် နည်းပညာတိုးတက်ပြောင်းလဲမှုများကို မျက်ခြည်မပြတ်စေရေးအတွက် Human Resource စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို စဉ်ဆက်မပြတ် ကြိုးစားလေ့လာ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုစီမံချက်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်တန်ဖိုး မြင့်မားလာမည်ဖြစ်ပြီး နိုင်ငံတော်၏ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အကျိုးရှိရှိ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးအတွက် Quality Control Management System ကို အလေးထားပြီး ဆောင်ရွက်ရန်လိုကြောင်း၊ အဆောက်အအုံဆောက်လုပ်ရာတွင် ရေရှည်တည်တံ့ ကောင်းမွန်စေရန်အတွက် စနစ်တကျ မျှော်တွေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လမ်းများ တည်ဆောက်ရာတွင်လည်း လမ်းအင်္ဂါရပ် သတ်မှတ်ချက်များအပြင် လမ်းမကြီးများဥပဒေနှင့်အညီ လမ်းနယ်များ မှန်ကန်စေရေး စနစ်တကျ သတ်မှတ်ထားရှိရန်လိုကြောင်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခံနိုင်ဝန်ရှိရန်နှင့် ရေရှည်ခိုင်ခံ့မှုရှိစေရေးအတွက် သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ စနစ်တကျ တည်ဆောက်သွားရမည့်အပြင် သဘာဝဘေးအန္တရာယ်ခံနိုင်မှုရှိစေရေးတို့ကိုပါ ထည့်သွင်းစဉ်းစားတွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်းနှင့် စီမံကိန်းများ၊ စီမံချက်များ အကောင်အထည်ဖော်ရာတွင် ပြည်သူ့ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် စနစ်တကျ စိစစ်ချွေတာသုံးစွဲကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းဖေက ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က ဝန်ကြီးဌာန၏ မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးများက ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းလျာထားချက်များ၊ လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို တင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ်အတွင်း ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် ပုဂ္ဂိုလ်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

၂၀၂၂ ခုနှစ်အတွင်း ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် ပုဂ္ဂိုလ်များအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ထပ်ဆင့်ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ၂၀၂၂ ခုနှစ်အတွင်း ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ၂၀၂၂ ခုနှစ်အတွင်း ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် ပုဂ္ဂိုလ်များကို ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ပေးအပ်သည့် ထပ်ဆင့်ဂုဏ်ပြု မှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း မန္တလေးမြို့ပေါ်ရှိ ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရသော ပြည်သူလူထုကို စွမ်းစွမ်းတမံ ကူညီစောင့်ရှောက်ပေးခဲ့ကြသည့် ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရန်ပုံငွေရှာဖွေရေး ကော်မတီတွင် ပါဝင်ဆောင်ရွက်ခဲ့သူများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြရာ ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန်ပုံငွေ ရှာဖွေရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်တံဆိပ်ရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန်ပုံငွေရှာဖွေရေး ကော်မတီ၏ ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါအခမ်းအနားတွင် လူမှုထူးချွန်ပထမဆင့်ရရှိသူ တစ်ဦး၊ လူမှုထူးချွန် ဒုတိယဆင့်ရရှိသူ တစ်ဦး၊ လူမှုထူးချွန် တတိယဆင့်ရရှိသူ ရှစ်ဦး၊ ရဲဗလတံဆိပ်ရရှိသူ တစ်ဦး စုစုပေါင်း ၁၁ ဦးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဂုဏ်ပြုမှတ်တမ်းလွှာရရှိသူ ၂၇ ဦးတို့ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် ပြည်ပတင်ပို့သူကုမ္ပဏီများအကြား အကျိုးတူလယ်ယာစနစ်ဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ပြီး ဝင်ငွေတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ဆန်စပါးအထူးပြုကုမ္ပဏီကြီးများ ထူထောင်၍ တန်ဖိုးကွင်းဆက်တစ်လျှောက် စနစ်တကျထိရောက်စွာ စိုက်ပျိုးထုတ်လုပ်ဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်ချက်များကို ဝိုင်းဝန်းအဖြေရှာ ဆွေးနွေးဆောင်ရွက်ခြင်းနှင့်အတူ တောင်သူများအတွက် “သ” သုံးလုံးဖြစ်သည့် **“သိပ္ပံနည်းကျစိုက်ပျိုးရေး၊ သီးထပ်သီးညှပ် စိုက်ပျိုးရေးနှင့် သီးနှံအထွက်တိုးရေး”**တို့ကို တောင်သူလယ်သမားတို့၏ ပေါင်းစည်းအင်အားဖြင့် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုရင်း မတ် ၂ ရက်တွင်ကျရောက်မည့် **“ တောင်သူလယ်သမားနေ့”**ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

**ကိုးကား –**

(၁) https://cincds.gov.mm/node/16790

(၂) https://cincds.gov.mm/node/19698?d=1

(၃) https://www.oecd.org/agriculture/understanding-the-global-food-sys tem/how-we-feed-the-world-today/

(၄) https://www.fao.org/3/cc0639en/online/sofi-2022/food-security-nutrition-indi cators.html

# (၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၇ ရက်မှ ၂၃ ရက်အထိ နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပူးတွဲကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ၂၀၂၃ ခုနှစ်၊ (၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၇ ရက်မှ ၂၃ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်သည်။

ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက် ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ



## နေပြည်တော်သည် နိုင်ငံတော်အစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်သဖြင့် မြို့တော်အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို Clean City၊ Green City၊ Smart City ဖြစ်စေရေးအတွက် နေပြည်တော်အတွင်းနှင့် ဝန်ကြီးဌာနရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ အဆောင်များ သန့်ရှင်းသပ်ရပ်သာယာလှပစေရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက်တွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁) ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က နေပြည်တော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည်နှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ပြီး မြို့တော်ကို Green City၊ Clean City၊ Smart City ဖြစ်စေရေး ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနရုံးများ အတွင်း/အပြင် သန့်ရှင်းသာယာလှပရေး၊ ဝန်ထမ်းအိမ်ရာ တိုက်ခန်းများ စနစ်တကျ သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဝန်ထမ်းအပျို/ လူပျိုဆောင်များ စည်းစနစ်တကျ နေထိုင်စေရေး၊ အိပ်ဆောင်ဝန်းကျင်နှင့် အိပ်ဆောင်များ သာယာလှပစေရေးတို့ကို အဓိကထား ဆွေးနွေးပေးစေလိုကြောင်း၊ နေပြည်တော်သည် နိုင်ငံတော်အစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်သဖြင့် မြို့တော်အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များက မြို့တော်သန့်ရှင်းသာယာလှပရေး၊ ပြည်ထောင်စုဝန်ကြီးဌာနရုံးများ အတွင်း/အပြင် သန့်ရှင်းသာယာလှပရေး၊ ဝန်ထမ်းအိမ်ရာတိုက်ခန်းများ စနစ်တကျသန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဝန်ထမ်းအပျို/ လူပျိုဆောင်များ စည်းစနစ်တကျ နေထိုင်စေရေး၊ အိပ်ဆောင်ဝန်းကျင်နှင့် အိပ်ဆောင်များ သာယာလှပစေရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body–BGB) အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂)ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံး၌ Online စနစ်ဖြင့် ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလွှင့်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသော မီဒီယာများ ဖြစ်သည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် မီဒီယာအပိုင်းမှ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးရေး၊ ထုတ်လွှင့်ပြသမှု အစီအစဉ်များတွင် အမှားအယွင်းမပါရှိအောင် ကြပ်မတ်စစ်ဆေး ဂရုစိုက်ဆောင်ရွက်ရေး၊ အခပေး ရုပ်သံလိုင်းများအနေဖြင့် ပြသမည်ဟု ကြေညာပြီး ပြသထုတ်လွှင့်ခြင်း မပြုနိုင်ပါက ကြည့်ရှုသူများမှ သတင်းပို့တိုင်ကြားမှုများ ရှိလာနိုင်သဖြင့် တာဝန်ရှိသည့် ကုမ္ပဏီများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ပြည်သူကို ပြန်လည်အသိပေးပြန်ကြားပေးရေးနှင့် ဝန်ဆောင်မှု ကောင်းမွန်စေရေး၊ နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများ၊ လျှပ်စစ်ဓာတ်အားခနှင့် စာချုပ်ပါပေးသွင်းရမည့် ဝန်ဆောင်မှုစရိတ်များကို အချိန်မီပေးသွင်းရေး၊ ကုမ္ပဏီများမှ နိုင်ငံခြားသား ဝန်ထမ်းများ၏ ပြည်တွင်းနေထိုင်မှုနှင့် ဗီဇာကိစ္စများတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖြစ်စေရေးတို့ကို ဆွေးနွေးမှာကြားပြီး တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဦးဆောင်၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရုပ်သံလွှင့်ကုမ္ပဏီများမှ တာဝန်ရှိသူများ စုစုပေါင်း ၂၁ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို နှစ်လ တစ်ကြိမ်ပြုလုပ်ကာ ရုပ်သံထုတ်လွှင့်ခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာ့သမိုင်းစဉ်နှင့်ပတ်သက်၍ ကြေးခေတ်၊ သံခေတ်ဆိုင်ရာ အထောက်အထားအချက်အလက်များ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို ရေးသား ပြုစုနိုင်ရန်အတွက် ကြေးခေတ်၊ သံခေတ်ဆိုင်ရာ အထောက်အထားများ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ပြုလုပ်ရာ မြန်မာသမိုင်းအဖွဲ့ ပညာရှင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနနှင့် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနမှ ပါမောက္ခများနှင့် သက်ဆိုင်ရာ ဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်က ပရိုင်းမိတ် ဖြစ်ပေါ်လာသည့် ကာလမှစ၍ လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလအထိ သမိုင်းစဉ်အဆင့်ဆင့်ကို သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာန ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေး ရေးသားလျက် ရှိပါကြောင်း၊ ယခင်က ရေးသားခဲ့သည့် သမိုင်းများလည်း ရှိပါကြောင်း၊ ယခုကာလနောက်ပိုင်းတွင် ပြည့်စုံမှု မရှိတော့ပါကြောင်း၊ လွန်ခဲ့သော ၂၅ နှစ်ခန့်က ညောင်ကန်တူးဖော်မှုမှစ၍ မြန်မာ့ကြေးခေတ်၊ သံခေတ်ကာလအား စတင်ဖော်ထုတ်လာနိုင်ခဲ့ခြင်းကြောင့် သမိုင်းတွင် ပြန်လည်ဖြည့်စွက်ရန် လိုအပ်ပါကြောင်း၊ အခြေခံပညာအပါအဝင် တက္ကသိုလ် သင်ရိုးညွှန်းတမ်းများတွင်လည်း မြန်မာ့သမိုင်းနှင့်ပတ်သက်၍ လိုအပ်မှုများ ဖြည့်စွက်ရန် ရှိနေပါကြောင်း၊ ပြဋ္ဌာန်းစာအုပ်များတွင် ဖြည့်စွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် လွန်ခဲ့သော ၁၀ နှစ်ခန့်မှစ၍ တစ်ဆက်တစ်စပ်တည်းသော ပညာရေးဝန်ကြီးဌာနသို့ လိုအပ်သည်များ ပြန်လည်ဖြည့်စွက်နိုင်ရန် ပေးပို့သွားမည်ဖြစ်ပါကြောင်းနှင့် မိမိတို့ လေ့လာတွေ့ရှိထားသော အထောက်အထားများ၊ တွေ့ရှိချက်များအပေါ်တွင် ပူးပေါင်းပါဝင် ဆွေးနွေးကြရန် ပြောကြားသည်။

### လေ့လာတွေ့ရှိချက်တင်ပြ

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က မြန်မာနိုင်ငံ ကြေးခေတ်၊ သံခေတ်နှင့်ပတ်သက်၍ ကွင်းဆင်း တူးဖော်လေ့လာမှုများမှ တွေ့ရှိချက်တို့ကို စုစည်းပြုစုထားသည့် **“မြန်မာ့သမိုင်းမတင်မီခေတ် ကြေးခေတ်၊ သံခေတ် တူးဖော်မှုများမှ တွေ့ရှိရသော အထောက်အထားများ”** အကြောင်းကို လည်းကောင်း၊ မြန်မာသမိုင်းအဖွဲ့မှ အဖွဲ့ဝင် ဦးစိန်မြင့်က **“ကြေးခေတ်၊ သံခေတ် မြို့ပြအကြိုကာလ”** အကြောင်းကို လည်းကောင်း တင်ပြခဲ့ရာ တက်ရောက်လာသူများက သိရှိလိုသည်များနှင့် ထပ်မံဖြည့်စွက်လိုသည်များကို ဆွေးနွေးကြသည်။

### အပြီးသတ်ရေးသားနိုင်ရေး

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တစ်ဆက်တစ်စပ်တည်းသော သမိုင်းစဉ်ကို အပြီးသတ်ရေးသားထုတ်ဝေနိုင်ရေးအတွက် အခြားအဖွဲ့အစည်းများမှ ပညာရှင်များ၊ တက္ကသိုလ်အသီးသီးမှ ပညာရှင်များနှင့် ပူးပေါင်း၍ ဆွေးနွေးမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## နမ့်ဆန်မြို့နယ်၌ တပေါင်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**နမ့်ဆန် ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ တပေါင်းပွဲတော်ကို ခေတ်အဆက်ဆက် စော်ဘွားများ လက်ထက်မှစ၍ နှစ်စဉ်ကျင်းပခဲ့ရာ နှစ်ပေါင်း ၁၀၀ ကျော်ရှိပြီဖြစ်ပြီး ယခုနှစ်တွင် မတ် ၃ ရက်မှ ၅ ရက်အထိ တပေါင်းပွဲကွင်း၌ စည်ကားသိုက်မြိုက်စွာ တပေါင်းပွဲတော်ကာလ လပြည့်နေ့တွင် မဟာမြတ်မုနိဘုရားကြီးအတွင်း ဆွမ်းကပ်လှူခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်းများ ဆောင်ရွက်ပြီး သံဃာတော် အရှင်သူမြတ်များက လာရောက်သော ပရိသတ်များအား သီလပေးခြင်း၊ ဥပုသ်သီတင်းများ ဆောင်ရွက်လျက်ရှိသည်။ ပွဲတော်အတွက် ဘုရားဈေးဆိုင်ခန်းများလည်း ပြင်ဆင်ဆောင်ရွက်လျက် ရှိကြောင်း မြို့နယ်ဂေါပကအဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

**နမ့်ဆန်(ပြန်/ဆက်)**

# အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီ၏ အာကာသယာဉ်မှူးအသစ်များအဖြစ် ရွေးချယ်

တိုကျို ဖေဖော်ဝါရီ ၂၈

**ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီ ဂျာဆာသည် လျှောက်လွှာပေါင်း ၄၁၂၇ ခုလက်ခံရရှိသည့်အနက် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို အေဂျင်စီ၏ အာကာသယာဉ်မှူးအသစ်များအဖြစ် ရွေးချယ်ခဲ့သည်။**

ဆူဝါမာကိုတိုသည် အမေရိကန်ပြည်ထောင်စုတွင် နေထိုင်ပြီး ကမ္ဘာ့ဘဏ်တွင်အလုပ်လုပ်နေသူဖြစ်သည်။ အသက် ၄၆ နှစ်ရှိ ၎င်းကို အသက်အကြီးဆုံး ဂျာဆာအာကာသယာဉ်မှူးအဖြစ် ရွေးချယ်ခဲ့ပြီး အသက် ၂၈ နှစ်ရှိ တိုကျိုမြို့နေ ဂျပန်ကြက်ခြေနီအဖွဲ့တွင် ခွဲစိတ်ဆရာဝန်အဖြစ် လုပ်ကိုင်နေသော ယုနီဒါအာယုကို ဂျာဆာ၏ အငယ်ဆုံးအာကာသယာဉ်မှူးအဖြစ် ရွေးချယ်ခဲ့သည်။

ဆူဝါသည် တိုကျိုတက္ကသိုလ်တွင် ဘွဲ့ရရှိခဲ့ပြီး ပရင်စတန်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ရရှိခဲ့သည်။ ကမ္ဘာ့ဘဏ်တွင် ၎င်းသည် ရာသီဥတုပြောင်းလဲခြင်းနှင့် ဘေးဒုက္ခကာကွယ်တားဆီးရေးနှင့် သက်ဆိုင်သော လုပ်ငန်းအစီအစဉ်များတွင် ပါဝင်ခဲ့သည်။

ယုနီဒါသည် တိုကျိုတက္ကသိုလ်တွင် ၂၀၁၉ ခုနှစ်က ဘွဲ့ရရှိခဲ့သည်။ သူမသည် ၂၄ နှစ်အတွင်း အာကာသယာဉ်မှူးအဖြစ် ရွေးချယ်ခဲ့သည့် ပထမဆုံး အမျိုးသမီးဖြစ်သည်။

ဆူဝါနှင့် ယုနီဒါတို့သည် ၎င်းတို့၏ လက်ရှိအလုပ်များမှ ထွက်ပြီး ဧပြီလတွင် ဂျာဆာနှင့် ချိတ်ဆက်လုပ်ကိုင်တော့မည်ဖြစ်သည်။ ၎င်းတို့သည် နာဆာ၌ လိုအပ်သော လေ့ကျင့်မှုများကို သွားရောက်လုပ်ကိုင်တော့မည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**




ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီ ဂျာဆာက ရွေးချယ်လိုက်သော အာကာသယာဉ်မှူးအသစ် နှစ်ဦး။



# အာဖရိကဦးချိုဒေသ၌ မိုးခေါင်ရေရှားမှု၏ သက်ရောက်မှုကို အိုင်အိုအမ်က သတိပေးထား

**အဒစ်အာဘာဘာ ဖေဖော်ဝါရီ ၂၈**

အာဖရိက ဦးချိုဒေသ၌ မိုးခေါင်ရေရှားမှု၏ သက်ရောက်မှုများအား ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(အိုင်အိုအမ်)က သတိပေးထားသည်။ အာဖရိကဦးချိုဒေသ၌ သမိုင်းဝင် ပဉ္စမမြောက် မိုးရွာသွန်းမှု မရှိသောကြောင့် မိုးခေါင်ရေရှားဒေသတွင် လူပေါင်း ၃၆ သန်းကျော် ထိခိုက်မှုရှိခဲ့ကြောင်း၊ ထိုထဲမှ လူပေါင်း နှစ်သန်းကျော်မှာ အသက်ကယ်အကူအညီများ ရရှိရန်အလို့ငှာ အိုးအိမ် စွန့်ခွာ ခဲ့ကြရကြောင်း ဖေဖော်ဝါရီ ၂၇ ရက်က ထုတ်ပြန်ခဲ့သော အာဖရိက အရှေ့နှင့် အာဖရိကဦးချို၏ မိုးခေါင်ရေရှားမှု တုံ့ပြန်ရေးအစီရင်ခံစာတွင် အိုင်အိုအမ်က ပြောသည်။

နှစ်ကာလ များစွာကြာ မိုးခေါင်ရေရှားမှု၏ ကပ်ဘေးဆိုးကျိုးများ အာဖရိက ဦးချိုဒေသ၌ ၂၀၂၃ ခုနှစ်တွင် ဆက်လက်ဖြစ်ပေါ် နေဦးမည်ဖြစ်ကြောင်း၊ လူမှုအသိုင်းအဝိုင်းများမှာလည်း အရေးပေါ်အကူအညီများ လိုအပ်နေဦးမည်ဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ (ဒဗလျူအမ်အို)က ပြီးခဲ့သည့် သီတင်းပတ်တွင် သတိပေးထားသည်။ ထို့အပြင် ရာသီအလိုက် ခန့်မှန်းချက်အသစ်အရ လာမည့် သုံးလအတွင်း နေရာဒေသအများစုတွင် သာမန်အောက် မိုးရွာသွန်းမှု ဖြစ်ပေါ်လာနိုင်ဖွယ်ရှိကြောင်း ဒဗလျူအမ်အိုက ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုကဲ့သို့ ဖြစ်ပေါ်လာပါက မိုးခေါင်ရေရှားမှုဒဏ် အဆိုးရွားဆုံးခံရသော အီသီယိုးပီးယား၊ ကင်ညာနှင့် ဆိုမာလီယာနိုင်ငံတို့အတွက် မကြုံစဖူး ဆဋ္ဌမမြောက် ဆိုးရွားသည့်ရာသီဖြစ်လာဖွယ်ရှိကြောင်း သိရသည်။ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း မိုးရွာသွန်းမှုနည်းခြင်းမှ လက်ရှိ မိုးခေါင်ရေရှားမှု စတင်ခဲ့ခြင်းဖြစ်ကြောင်း ဒဗလျူအမ်အိုက ပြောသည်။

**ဆင်ဟွာ**

# အမေရိကန်၌ အိမ်မှအလုပ်လုပ်သည့်မူဝါဒကို ကုမ္ပဏီအချို့ ပြန်လည်သုံးသပ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

အမေရိကန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုများ လျော့နည်းကျဆင်းလာသည့်အတွက် အိမ်မှအလုပ်လုပ်သည့်မူဝါဒ (work–from–home policy)ကို ကုမ္ပဏီအချို့က ပြန်လည်သုံးသပ်လျက်ရှိသည်။

ဝန်ထမ်းများသည် မေလမှစတင်၍ တစ်ပတ်လျှင် အနည်းဆုံး သုံးရက် ရုံးတွင်အလုပ်လုပ်ရမည်ဟု အီးကောမာ့စ်ကုမ္ပဏီကြီးဖြစ်သည့် အမေဇုန်ကုမ္ပဏီက ဖေဖော်ဝါရီလတွင် ကြေညာခဲ့သည်။

လူကိုယ်တိုင် အလုပ်လုပ်ခြင်းသည် အဖွဲ့ဝင်များကြား သံယောဇဉ်များကို ပိုမိုခိုင်မာစေပြီး စွမ်းဆောင်ရည်ကို တိုးမြှင့်စေသည်ဟု အမေဇုန် အမှုဆောင်အရာရှိချုပ် အန်ဒီ ဂျက်ဆီက ပြောသည်။

အဓိကဖျော်ဖြေရေး ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဝေါလ် ဒစ္စနေးလ်ကုမ္ပဏီသည် အလုပ်သမားများကို မတ်လမှစကာ တစ်ပတ်လျှင် လေးရက် ရုံးစတင်တက်ရန် ပြောကြားခဲ့သည်။

လုပ်ဖော်ကိုင်ဖက်များအကြား အတူတကွအလုပ်လုပ်ခြင်းဖြင့် ရရှိလာသည့် ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် တီထွင်ဖန်တီးနိုင်မှုသည် မည်သည့်အရာနှင့်မှ အစားထိုး၍ရမည်မဟုတ်သလို ခေါင်းဆောင်များထံမှ လေ့လာသင်ယူနိုင်မှု အခွင့်အရေးသည်လည်း မည်သည့်အရာနှင့်မှ အစားထိုး၍ ရမည်မဟုတ်ကြောင်း ဒစ္စနေးလ်ကုမ္ပဏီက ပြောကြားလိုက်သည်။

လူမှုကွန်ရက်ဝန်ဆောင်မှု ကုမ္ပဏီဖြစ်သော တွစ်တာက သူ့ဝန်ထမ်းများကို တစ်ပတ်လျှင် ငါးရက် အလုပ်လုပ်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်း အမေဇုန်နှင့် ဒစ္စနေးလ်တို့မှ အလုပ်သမားများသည် ရုံးပြန်တက်အလုပ်လုပ်ရမည့် မူဝါဒကို ပြန်လည်သုံးသပ်ပေးရန် အသနားခံစာတင်ထားသည်။ **အင်န်အိတ်ချ်ကေ**

# တိုကျို၌ ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၁၈၁ ဦးရှိ

**တိုကျို ဖေဖော်ဝါရီ ၂၈**

ဂျပန်နိုင်ငံ တိုကျို၌ ဖေဖော်ဝါရီ ၂၈ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၈၁ ဦးရှိကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုဖော်ပြခဲ့သည်။

အဆိုပါပမာဏသည် လွန်ခဲ့သော သီတင်းပတ်တစ်ပတ်ကထက် ၂၇၀ ကျဆင်းခဲ့သည်။

အသက်ရှူ အထောက်အကူကိရိယာ သို့မဟုတ် နှလုံး အဆုတ်စက် တပ်ဆင်ထားရသည့် အပြင်းအထန် နေမကောင်းဖြစ်နေသူ ၁၃ ဦးရှိပြီး လွန်ခဲ့သောတစ်ရက်ကထက် တစ်ဦး ထပ်မံတိုးလာခဲ့သည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် နှစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်း ဝန်ကြီးဌာနက ဆက်လက်ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် ဂျပန်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၄၅၂၄ ဦးရှိပြီး ၆၇ ဦးထပ်မံသေဆုံးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကင်ညာကျန်းမာရေးဝန်ထမ်း ၁၀၀ အား အရေးပေါ်တုံ့ပြန်မှုဆိုင်ရာသင်တန်း ဒဗလျူအိတ်ချ်အို စတင်

**နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၈**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)သည် ကင်ညာကျန်းမာရေးဝန်ထမ်း ၁၀၀ အား အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး လေ့ကျင့်သင်ကြားမှုကို ဖေဖော်ဝါရီ ၂၇ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

ရက်သတ္တ သုံးပတ်ကြာ လေ့ကျင့် သင်ကြားမှုသည် ပြည်သူ့ ကျန်းမာရေးအတွက် အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှု လုပ်သားအင်အား၏ ကျွမ်းကျင်မှုများနှင့် စွမ်းဆောင်ရည်များကို အားကောင်းစေရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်း ဖြစ်ကြောင်း နိုင်ဗရာမြို့၌ လေ့ကျင့်သင်ကြားမှု စတင်ပြီးနောက် ထုတ်ပြန်သော ထုတ်ပြန်ချက်တွင် ဒဗလျူအိတ်ချ်အို ကင်ညာနိုင်ငံကိုယ်စားလှယ် အက်ဒူရာ မာနေး ဒီယဲလ်လိုက ပြောသည်။

ကင်ညာနိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ရောဂါဖြစ်ပွားမှုများနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများ ကြုံတွေ့ခဲ့ရကြောင်းနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ လေ့ကျင့်သင်ကြားပေးမှုများက လက်ရှိနှင့် အနာဂတ် ကပ်ရောဂါများကို ကိုင်တွယ်ဆောင်ရွက်ရာတွင် လိုအပ်သော သက်ဆိုင်ရာ ကိရိယာများနှင့် သတင်း အချက်အလက်များကို သင်တန်းသားများအား ပံ့ပိုးပေးနိုင်ရန် မျှော်လင့်ကြောင်း ၎င်းက ပြောသည်။

**ဆင်ဟွာ**

# မာလာဝီ၌ ကာလဝမ်းရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ ပေါင်းစပ်လှုပ်ရှားမှုဆောင်ရွက်

**လီလွန်ဂွေးလ် ဖေဖော်ဝါရီ ၂၈**

မာလာဝီအစိုးရသည် ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူရန်အပြင် ကာလဝမ်းရောဂါ ပြန့်ပွားမှုကို တိုက်ထုတ်ရန်နှင့် တားဆီးရန်ကြိုးပမ်းမှုအဖြစ် နိုင်ငံတစ်ဝန်း ကာလဝမ်းရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ ပေါင်းစပ်လှုပ်ရှားမှုကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဒေသန္တရအစိုးရဝန်ကြီး ဌာနဆိုင်ရာ အတွင်းရေးမှူး ဂျိမ်းစ် ချီယူစီဝါ၏ ဖေဖော်ဝါရီ ၂၇ ရက် ထုတ်ပြန်သော ထုတ်ပြန်ချက်တွင် အဆိုပါလှုပ်ရှားမှုသည် ၂၀၂၃ ခုနှစ် မတ် ၂ ရက်မှစတင်ကာ ၁၂ ရက် ကြာမြင့်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် ရောဂါကြောင့် သေဆုံးမှုနှင့် နေ့စဉ် ရာနှင့်ချီကူးစက်မှုများ ဆက်လက်ရှိနေသည့်အတွက် ဖေဖော်ဝါရီ ၁၃ ရက်တွင် သမ္မတ လာဇာရစ် ချာဝီရာ တရားဝင်စတင်ခဲ့သော "မာလာဝီနိုင်ငံမှာ ကာလဝမ်းရောဂါ အဆုံးသတ်ကြစို့" လှုပ်ရှားမှု တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်းလည်း သိရသည်။

၂၀၂၂ ခုနှစ် မတ်လတွင် ရောဂါစတင်ဖြစ်ပွားပြီးနောက် မာလာဝီနိုင်ငံတွင် ကာလဝမ်းရောဂါကြောင့် ရောဂါကူးစက်ဖြစ်ပွားသူပေါင်း ၄၉၀၀၀ အထိ ရှိခဲ့ပြီး သေဆုံးသူပေါင်း ၁၅၀၀ ကျော်ရှိကြောင်း သိရသည်။

မာလာဝီနိုင်ငံ၏ မြို့တော် လီလွန်ဂွေးလ်သည် အခြားသောခရိုင်များနှင့် နှိုင်းယှဉ်ကြည့်ပါက ရောဂါကူးစက်ဖြစ်ပွားသူပေါင်း ၉၅၀၀ ကျော်နှင့် သေဆုံးသူပေါင်း ၅၀၀ ခန့်ရှိသည့်အတွက် အများဆုံးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ စျေးပိုင်းရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အမှတ်(၁၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၂-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ အလံပုံစံ**



**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းခရိုင်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ ခြံအမှတ်(၇၂)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၂-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY)၏ အလံပုံစံ**



**အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ အပိုင်း(၁)၊ ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာ၊ ရွှေအင်ကြင်းလမ်း၊ အခန်း(၁၀၅)၊ တိုက် (၉)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၂၂-၂-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ၏ အလံပုံစံ**



**ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ ချီဖွေခရိုင်၊ ချီဖွေမြို့နယ်၊ ပန်ဝါမြို့၊ ချန်းမောအိမ်ရာ(၁၇)၊ အမှတ်(၃) ရပ်ကွက်တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရေစီပါတီသစ် (ကချင်)[New Democracy Party (Kachin)][N.D.P(Kachin)]** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၂-၂-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒီမိုကရေစီပါတီသစ် (ကချင်)[New Democracy Party(Kachin)][N.D.P(Kachin)]၏ အလံပုံစံ**



**ဒီမိုကရေစီပါတီသစ် (ကချင်)[New Democracy Party(Kachin)][N.D.P(Kachin)]၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ ရတနာဒီပ၊ ငုရွှေဝါလမ်းနှင့် အင်ကြင်း (၂)လမ်းထောင့်တွင် ပါတီရုံးချုပ်တည်ရှိသော **ဖလုံ - စဝေါ်ဒီမိုကရက်တစ်ပါတီ** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၂-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ**






**ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အိမ်မဲမြို့နယ်၌ ပလတ်စတစ်အိတ်မသုံးစွဲရေး အသိပညာပေးလှုပ်ရှားမှုပြုလုပ်

**အိမ်မဲ ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ ပလတ်စတစ်အိတ်မသုံးစွဲရေး အသိပညာပေးလှုပ်ရှားမှုကို ယမန်နေ့နံနက်က ဆောင်ရွက်သည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ မီးသတ်၊ စည်ပင်သာယာရေးအဖွဲ့၊ လမ်းဦးစီးဌာနတို့က ပူးပေါင်း၍ အိမ်မဲမြို့ဝင်၊ မြို့ထွက် စစ်ဆေးရေးဂိတ်နှင့် အိမ်မဲ- ပန်းတနော် လမ်းတစ်လျှောက်တွင် ပလတ်စတစ်အမှိုက်မပစ်ရေး၊ ပြည်သူများ ပလတ်စတစ်မသုံးစွဲရေး၊ မော်တော်ယာဉ်များတွင် အမှိုက်ပုံးများ စနစ်တကျတပ်ဆင်ထားမှုရှိ မရှိနှင့် ပလတ်စတစ်အမှိုက် မသုံးစွဲစေရေးအတွက် အသိပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်သည်။

အိမ်မဲမြို့နယ်၌ ပလတ်စတစ်မသုံးစွဲစေရေးအတွက် အသိပညာပေးလှုပ်ရှားမှုများကို တာဝန်ရှိသူများက အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၀၇ ရာခိုင်နှုန်းရှိ

**(၂၈-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၅၀၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၅၃,၃၅၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၁၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၉၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေး ဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း (Mask) ၁၅ တန် တင်သွင်းခဲ့ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၀ | ၂၁၁၀ | ၂၁၄၅ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၀ | ၂၂၃၀ | ၂၂၄၅ | ၂၁၄၀ | ၂၁၅၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၉၀ | ၂၄၁၅ | ၂၈၁၀ |
| 95 Ron | ၂၁၇၅ | ၂၂၂၅ | ၂၂၂၅ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၃၀ | ၂၂၁၀ | ၂၃၁၀ | ၂၃၂၅ | ၂၂၁၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၉၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၅၀၀ | ၃၁၆၀ |
| HSD (50 ppm) | ၂၂၆၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၁၀ | ၂၃၃၅ | ၂၃၃၀ | ၂၃၀၀ | ၂၄၂၀ | ၂၄၁၀ | ၂၃၀၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၅ | ၂၅၈၀ | ၃၁၉၀ |
| HSD (10 ppm) | ၂၂၆၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၁၀ | ၂၃၃၅ | ၂၃၃၀ | ၂၃၀၀ | ၂၄၂၀ | ၂၄၁၀ | ၂၃၀၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၅ | ၂၅၈၀ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၂ | ၂၀၆၅ |
| 95 Ron | ၂၀၆၆ | ၂၁၄၁ |
| HSD (500 ppm) | ၂၀၇၈ | ၂၁၄၉ |
| HSD (50 ppm) | ၂၁၅၂ | ၂၂၂၄ |
| HSD (10 ppm) | ၂၁၅၂ | ၂၂၂၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# Online Game လောင်းကစားလုပ်ငန်း၊ Online ကံစမ်းမဲဖောက်လောင်းကစားလုပ်ငန်းနှင့် တရားမဝင် Online ချေးငွေလုပ်ငန်းလုပ်ကိုင်သူ တရားခံ အမျိုးသား ၂၄ ဦးနှင့် အမျိုးသမီး ၄၇ ဦး တို့ကို လုပ်ငန်းများလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ဘဏ်အကောင့်များနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ




နေပြည်တော် ဖေဖော်ဝါရီ ၂၈

Online အခြေပြု လောင်းကစားလုပ်ငန်းများ၊ ကံစမ်းမဲဖောက်လုပ်ငန်းများနှင့် တရားမဝင်ချေးငွေလုပ်ငန်းလုပ်ကိုင်နေသူ ဒုစရိုက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးဆိုင်ရာ အထောက်အကူပြုမှတ်တမ်းများနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကို အခြေပြု၍ စောင့်ကြည့်ကာ စုံစမ်းစစ်ဆေးဖော်ထုတ်မှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကွင်းဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

**ဆက်စပ်ပစ္စည်းများဖမ်းမိ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက် ည ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် FMI CITY ငွေနှင်းဖြူသစ်ခွလမ်း အမှတ်(O-178) နေအိမ်၌ TTbet Online Game လောင်းကစားလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ မို့မို့စံ (ခ) Yuki ပါ တရားခံ ကိုးဦးကို TTbet Online Game လောင်းကစားရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း အလုံး ၅၀၊ လက်တော့ ၂၂ လုံး၊ မော်နီတာ လေးလုံး၊ ဆင်းကတ် ၇၄၁ ကတ်၊ ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် FMI CITY ချင်းတွင်းလမ်းရှိ အိမ်အမှတ် (FG-98) ကို ထပ်မံဝင်ရောက်ရှာဖွေရာ Golden Gift (Online ကံစမ်းမဲဖောက် လောင်းကစားလုပ်ငန်း) အား စီမံခန့်ခွဲလုပ်ကိုင်သူ အောင်ဖုန်းကျော်နှင့် ကြီးကြပ်လုပ်ကိုင်သူ ထင်အောင်ကျော် (ခ) အယ်လစ်ပါ တရားခံ ၁၉ ဦးတို့ကို လက်ကိုင်ဖုန်း ၃၇ လုံး၊ လက်တော့ ၂၅ လုံး၊ မော်နီတာ သုံးလုံး၊ System Box တစ်လုံး၊ UPS တစ်လုံး၊ ကာလာပရင်တာ တစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။




သတင်းဆက်ဖော်ထုတ်ချက်အရ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် FMI CITY ချင်းတွင်းလမ်းရှိ အိမ်အမှတ် (FG-95) ကို ထပ်မံဝင်ရောက်ရှာဖွေရာ TTbet Online Game လောင်းကစားလုပ်ငန်းအား ကြီးကြပ်/စာရင်းကိုင်အဖြစ် လုပ်ကိုင်သူ အေးငြိမ်းသူနှင့် ကြီးကြပ်လုပ်ကိုင်သူ စိုင်းသီဟဇော် ပါ တရားခံ ၁၉ ဦးတို့ကို လက်တော့ ၁၁ လုံး၊ လက်ကိုင်ဖုန်း ၂၂ လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**ဖုန်း၊ လက်တော့နှင့် ယာဉ် ဖမ်းမိ**

အထက်ပါ ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ TTbet Online Game လောင်းကစားလုပ်ငန်းနှင့် Golden Gift (Online ကံစမ်းမဲဖောက် လောင်းကစားလုပ်ငန်း) များအား ဦးစီးပြီး စီမံခန့်ခွဲလုပ်ကိုင်သူ ရန်နိုင်ကျော် (ခ) အားဖုကို ဇန်နဝါရီ ၃၀ ရက် နံနက် ၂ နာရီခွဲတွင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် ပန်းလှိုင်အိမ်ရာ ပန်းလှိုင်ကွန်ဒို (D) အခန်းအမှတ် (၁၀၂) ၌ လက်ကိုင်ဖုန်း တစ်လုံး၊ Macbook Pro လက်တော့ တစ်လုံး၊ Macbook Air လက်တော့ တစ်လုံး၊ ယာဉ်အမှတ် YGN 6S-8888 Mercedes-Benz အမျိုးအစား အနက်ရောင်ယာဉ် တစ်စီး၊ ယာဉ်အမှတ် YGN 9B-6667 Lexus အနက်ရောင်ယာဉ် တစ်စီး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် တရားခံ ရန်နိုင်ကျော် (ခ) အားဖု၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် MICT Park တိုက်အမှတ် (၉) (၄)လွှာရှိ Sky Pay Mobile Financial Services Co.,Ltd. ရုံးခန်းသို့ ဝင်ရောက်ရှာဖွေရာ Money Bag Application ၊ Cash Now Application ၊ Cola Kyat Application တို့ကို အသုံးပြုပြီး တရားမဝင် Online ချေးငွေလုပ်ငန်းလုပ်ကိုင်နေသည့် မန်နေဂျာ ကျော်ဆန်းလင်း (ခ) အားချန် ပါ ၂၂ ဦးတို့ကို လက်ကိုင်ဖုန်း အလုံး ၃၀၊ လက်တော့ ၅၅ လုံး၊ Desktop တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ ဖြင့်လည်းကောင်း။

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် လှိုင်မြို့နယ် MICT Park တိုက်အမှတ် (၁၇) (၄) လွှာရှိ Sky Pay Mobile Financial Services Co.,Ltd. ရုံးခန်းတွင် Money Bag Application၊ Cash Now Application၊ Cola Kyat Application၊ U Loan Application တို့ကို အသုံးပြုပြီး တရားမဝင် Online ချေးငွေလုပ်ငန်းလုပ်ကိုင်နေသည့် စာရင်းကိုင်ဖြစ်သူ ကျော်မျိုးအောင် ကို လက်တော့ ၄၉ လုံး၊ ပရင်တာ တစ်လုံး၊ ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

**တရားမဝင်ချေးငွေလုပ်ငန်း**

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ TTbet Online Game လောင်းကစားလုပ်ငန်း၊ Golden Gift (Online ကံစမ်းမဲဖောက် လောင်းကစားလုပ်ငန်း) နှင့် Sky Pay Mobile Financial Services Co.,Ltd. အမည်ခံကာ Money Bag Application၊ Cash Now Application၊ Cola Kyat နှင့် U Loan Application များ အသုံးပြု၍ တရားမဝင် Online ချေးငွေလုပ်ငန်းတို့ကို တရားခံ ရန်နိုင်ကျော် (ခ) အားဖုက ပိုင်ရှင်အဖြစ် စီမံခန့်ခွဲလုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး TTbet Online Game လောင်းကစား လုပ်ငန်းအား Telegram မှတစ်ဆင့် သိရှိသူ Yang Song (စိစစ်ဆဲ) နှင့် ချိတ်ဆက်၍ လည်းကောင်း၊ Sky Pay Mobile Financial Services Co.,Ltd. အမည်ခံကာ Money Bag Application၊ Cash Now Application၊ Cola Kyat နှင့် U Loan Application များ အသုံးပြု၍ တရားမဝင် Online ချေးငွေလုပ်ငန်းကို Telegram မှတစ်ဆင့် သိရှိသူ Sunny (စိစစ်ဆဲ) နှင့် ချိတ်ဆက်၍ လည်းကောင်း၊ Golden Gift (Online ကံစမ်းမဲဖောက် လောင်းကစားလုပ်ငန်း) ကို အစ်ကိုဖြစ်သူ အောင်ဖုန်းကျော် ဦးစီးစေ၍လည်းကောင်း လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း။

**ဝန်ထမ်းများခန့်**

ထိုသို့ လုပ်ငန်းများလုပ်ကိုင်ရာတွင် ကျော်ဆန်းလင်း (ခ) အားချန် သည် မန်နေဂျာအဖြစ် လည်းကောင်း၊ အေးငြိမ်းသူ (ခ) Neo သည် ကြီးကြပ်/စာရင်းကိုင်အဖြစ်လည်းကောင်း၊ မို့မို့စံ (ခ) Yuki နှင့် ကျော်မျိုးအောင် တို့သည် စာရင်းကိုင်များအဖြစ် လည်းကောင်း၊ ထင်အောင်ကျော် (ခ) အယ်လစ်နှင့် စိုင်းသီဟဇော်တို့သည် ကြီးကြပ်သူများအဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့ကြပြီး အခြားဝန်ထမ်းများ ခန့်ထားကာ ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။






TTbet Online Game လောင်းကစားလုပ်ငန်းလုပ်ကိုင်သည့် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ FMI CITY၊ ငွေနှင်းဖြူသစ်ခွလမ်း၊ အမှတ် (O-178) နေအိမ်မှ တရားခံ မို့မို့စံ ပါ ကိုးဦးနှင့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



Golden Gift (Online ကံစမ်းမဲဖောက် လောင်းကစား) လုပ်ငန်းလုပ်ကိုင်သည့် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ FMI CITY၊ ချင်းတွင်းလမ်း၊ အမှတ်(FG-98) နေအိမ်မှ တရားခံ အောင်ဖုန်းကျော် ပါ ၁၉ ဦးနှင့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

**ယာယီတားဆီးထိန်းသိမ်း**

ဖြစ်စဉ်များတွင် Online Game လောင်းကစားလုပ်ငန်း၊ Online ကံစမ်းမဲဖောက် လောင်းကစားလုပ်ငန်းနှင့် တရားမဝင် Online ချေးငွေလုပ်ငန်းလုပ်ကိုင်သည့် အမှုပေါင်း ၅ မှုမှ တရားခံ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၄၇ ဦး စုစုပေါင်း ၇၁ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကာ လက်တော့ ၁၆၄ လုံး၊ လက်ကိုင်ဖုန်း အလုံး ၁၄၀၊ မော်နီတာ ခုနစ်လုံး၊ ပရင်တာ နှစ်လုံး၊ System Box တစ်လုံး၊ UPS တစ်လုံး၊ Desktop တစ်လုံး၊ ဆင်းကတ် ၇၄၁ ကတ်၊ ယာဉ်အမှတ် YGN 6S-8888 Mercedes-Benz အနက်ရောင်ယာဉ် တစ်စီးနှင့် ယာဉ်အမှတ် YGN 9B-6667 Lexus အနက်ရောင် ယာဉ်တစ်စီးတို့အား သိမ်းဆည်းရမိခဲ့ပြီး အမှုမှ တရားခံများ ပြစ်မှုကျူးလွန်ရာတွင် ဖွင့်လှစ်အသုံးပြုခဲ့သည့် ဘဏ်အကောင့်များနှင့် KBZ Pay၊ Wave Pay အကောင့်တို့ရှိ ငွေကျပ် ၄၈၀၅ သိန်းခန့်နှင့် KBZ Pay အကောင့် ၁၄ ခုတို့ကို ယာယီ တားဆီးထိန်းသိမ်းထားရှိကာ အဆိုပါ အကောင့်များအတွင်းရှိ ငွေများအား စိစစ်လျက်ရှိပြီး တရားခံများကို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



TTbet Online Game လောင်းကစားလုပ်ငန်း လုပ်ကိုင်သည့် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ FMI CITY ၊ ချင်းတွင်းလမ်း၊ အမှတ် (FG-95) နေအိမ်မှ တရားခံ အေးငြိမ်းသူ ပါ ၁၉ ဦးနှင့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ MICT Park၊ တိုက်အမှတ်(၉)၊ (၄)လွှာရှိ Sky Pay Mobile Financial Service Co.,Ltd. ရုံးခန်းမှ ဖမ်းဆီးရမိသော ကုမ္ပဏီမန်နေဂျာ ကျော်ဆန်းလင်း ပါ ကျား ခုနစ်ဦး၊ မ ၁၅ ဦး စုစုပေါင်း ၂၂ ဦးနှင့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ (ကုမ္ပဏီမန်နေဂျာ ကျော်ဆန်းလင်း ဝဲမှယာသို့ ငါးယောက်မြောက် အင်္ကျီအဖြူရောင်)



ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ MICT Park၊ တိုက်အမှတ်(၁၇)၊ (၄)လွှာရှိ Sky Pay Mobile Financial Service Co.,Ltd. ရုံးခန်းတွင် ဖမ်းဆီးရမိသော စာရင်းကိုင် ကျော်မျိုးအောင်နှင့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရုံးအမှတ် (၅၅) နေပြည်တော်တွင် ယနေ့နံနက်ပိုင်း၌ ကျင်းပသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ တစ်ပတ်လျှင် နှစ်ကြိမ်ပြုလုပ်သည့် ပုံမှန်အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အမှာစကားပြောကြားသည်။



အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force – FATF) ၏ မျက်နှာစုံညီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့မှုအခြေအနေများနှင့် မြန်မာနိုင်ငံ၏ သတ္တမအကြိမ်တိုးတက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည့် အချက်များအား ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ် မတ်လဒုတိယပတ်တွင် အပြီးအကောင်အထည်ဖော် ဆောင်ရွက်ရမည့် အချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက သက်ဆိုင်ရာဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့်အချက်များကိုလည်းကောင်း၊ ဆက်လက်ဆောင်ရွက်ရမည့်အချက်များကို လည်းကောင်း၊ မိမိတို့ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပုလောမြို့နယ်ရှိ နေရပ်ပြန်မည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်



**ပုလော ဖေဖော်ဝါရီ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်းရှိ နေရပ်ပြန်မည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအားUNHCR ( The UN Refugee Agency) အစီအစဉ်ဖြင့် ပုလောမြို့နယ် ကြက်ခြေနီအသင်းက ဖေဖော်ဝါရီ ၂၇ ရက်က ပုလောမြို့ ကြက်ခြေနီရုံး၌ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ငွေပေးအပ်ရာသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ် UNHCR ဌာနခွဲ ဒါရိုက်တာ ဦးချစ်ဇော်အောင်၊ UNHCR စီမံကိန်း တာဝန်ခံ၊ မြိတ်ခရိုင် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးခင်မြင့်စိုး၊ တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး ဦးညီညီသိန်းတို့ တက်ရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ ယာယီတိုက်ပွဲရှောင် ပြည်သူများအား လူမှုကရုဏာနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ အကူအညီပေးရေးစီမံချက်အရ လာရောက်ပေးအပ်ခြင်းဖြစ်ကြောင်း ပုလောမြို့နယ်ကြက်ခြေနီ အသင်းအဖွဲ့ဝင် ဦးသိန်းဝင်းထံမှ သိရသည်။

ထောက်ပံ့ ပေးအပ်ရာတွင် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် အိမ်ထောင်စု ၆၅ စုအတွက် ငွေကျပ် ၉၇၅၀၀၀၀ ကို ပြည်သူလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးအေးမော်(ပုလော)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အေးသာယာရပ်ကွက်နေ စောလှနွယ်သည် ၎င်းအသုံးပြုသည့် “Saw Hla Nwe” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ထိန်စွန်းကျေးရွာနေ ဘီယံရှိန်းသည် ၎င်းအသုံးပြုသည့် “B Yan Shein” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မျိုးဝင်းအောင်၊ မောင်ကျော် (ခ) ခွန်မောင်ကျော်နှင့် မြင့်လွင်(ခ) ကုလားလေးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၁၇ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၈ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၁၇ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၈ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းအရရှာဖွေ**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီးမှ သာစည်ဘက်သို့ မျိုးဝင်းအောင်မောင်းနှင်ပြီး မောင်ကျော်(ခ) ခွန်မောင်ကျော် လိုက်ပါလာသည့် HINO ၁၂ ဘီးယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၁၇ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ် (၄) ရပ်ကွက်တွင် စိတ်ကြွ ရူးသွပ်ဆေးပြားများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ မြင့်လွင် (ခ) ကုလားလေးကို ထပ်မံဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မူဆယ်မြို့နယ်လုံးကျွတ် (ဒုတိယအကြိမ်) ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စေတနာရှင်ပြည်သူများ ပါဝင်လောင်းလှူရန် နှိုးဆော်

**မူဆယ် ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သည် ရှမ်း၊ ပလောင်၊ ကချင်၊ ကရင်၊ ချင်း၊ ရခိုင် အစရှိသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သော တရုတ်-မြန်မာ နယ်စပ်မြို့ဖြစ်သော်လည်း စေတနာသဒ္ဓါတရားထက်သန်စွာ မြို့နယ်အတွင်းရှိ ဆရာတော် သံဃာတော်များနှင့် သီလရှင်များကို မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယမန်နှစ်မှစတင်၍ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များ၊ မြို့ရပ်မိ/ရပ်ဖများ၊ မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင်ပြည်သူများက စုပေါင်းလောင်းလှူကြသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ယမန်နှစ်က ဧပြီလ ၉ ရက်တွင် မြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်နှင့် သီလရှင် အပါး ၁၀၀၀ အား စေတနာရှင် ပြည်သူများအားလုံး စုပေါင်း၍ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၁၄၄၀၀၀၀၀ ဖြင့် မြို့နယ်လုံးကျွတ်(ပထမအကြိမ်) ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီး စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့ကြသည်။

ယခုနှစ်တွင်လည်း မြို့နယ်လုံးကျွတ် (ဒုတိယအကြိမ်) ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီးကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များ၊ မြို့ရပ်မိ/ရပ်ဖများနှင့် စေတနာရှင်ပြည်သူများ စုပေါင်း၍ မတ် ၄ ရက်တွင် မြို့နယ်အတွင်းရှိ ဆရာတော် သံဃာတော်များနှင့် သီလရှင်များ အပါး ၁၃၀၀ ကျော် လောင်းလှူ ကျင်းပသွားမည် ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**



## ရှေးဟောင်းသမိုင်းဝင် သီပေါမြို့နယ် ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၂၈**



ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပေါ်ကြိုကျေးရွာ၌ ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်က သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး အစဉ်အလာမပျက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ဘုရားကြီးအာရုံတန်ဆောင်းတော်၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**

ရှေးဦးစွာ ဆရာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွန့်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားသည်။

ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ မိလိန္ဒ အရှင်သူမြတ်အား အမှူးထားပြီး ဆရာတော် သံဃာတော် ၈၃ ပါးတို့အား ကျောက်မဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် ဂေါပကအဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်အရှင်သူမြတ်များက မေတ္တာသုတ် ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်လျက် ဘုရားကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ရွှေသာလျောင်းဘုရား အာရုံခံတန်ဆောင်းတော်၌ (၂၈) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းတော် ရွတ်ဖတ်ပူဇော်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံ ပဋ္ဌာန်းကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းပြီး ဥက္ကဋ္ဌဆရာတော်ကြီးက (၂၄)ပစ္စည်း အစရှိသော ဂါထာတော်ကို စတင်ရွတ်ဖတ်ပူဇော်တော်မူသည်။

ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး တပေါင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၆ ရက်အထိ ခုနစ်ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၂၀၂၃ အကြိုအထိမ်းအမှတ် မျက်စိအတွင်းတိမ်လူနာ ၇၅ ဦးအား အခမဲ့ခွဲစိတ်ကုသမှုဖြင့် အမှောင်ခွင်း၍ အလင်းဆောင်ပေးခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၂၀၂၃ အကြို (Myanmar Health Sciences Conference- 2023) အထိမ်းအမှတ်အဖြစ် မျက်စိရောဂါဌာန ဆေးတက္ကသိုလ်(၂) ရန်ကုန်နှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မျက်စိအတွင်းတိမ်လူနာ ၇၅ ဦးအား အခမဲ့ခွဲစိတ်ဝန်ဆောင်မှု ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ မျက်စိရောဂါဌာန ဆေးတက္ကသိုလ်(၂)ပါဆရာဝန်များနှင့် ပါရဂူများက ဖေဖော်ဝါရီ ၂၃ ရက်တွင် လူနာ ၄၀ နှင့် ဖေဖော်ဝါရီ ၂၇ ရက်တွင် လူနာ ၃၅ ဦး စုစုပေါင်း မျက်စိဝေဒနာရှင် ၇၅ ဦးကို အခမဲ့ခွဲစိတ်အောင်မြင်မှုဖြင့် အမှောင်ခွင်း၍ အလင်းဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။



အဆိုပါ အခမဲ့ခွဲစိတ်ကုသမှုတွင် မျက်စိအတွင်းတိမ်ကို ဖယ်ရှား၍ မျက်တွင်းမှန်ဘီလူး ( Intraocular lens-IOL) အပါအဝင် မခွဲစိတ်မီပိုးသတ်ဆေး မျက်စဉ်းနှင့် ခွဲစိတ်ပြီး အရောင်ကျဆေးမျက်စဉ်း၊ အကာအကွယ်အတွက် နေကာမျက်မှန်များ ပံ့ပိုးပေးခဲ့သည်။ ခွဲစိတ်ပြီးသော လူနာများအား နောက်တစ်ရက်၊ နောက်တစ်ပတ်နှင့် တစ်လအကြာတွင် မျက်စိစမ်းသပ်မှုတို့ကို ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

## ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**ကံပိုင်တည် ဖေဖော်ဝါရီ ၂၈**

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ၁၈-၂-၂၀၂၃ မှ ၂၄-၂-၂၀၂၃ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန် ၃ ဒသမ ၅၁၃ ဒေါ်လာသန်း၊ သွင်းကုန် ၀ ဒသမ ၃၀၄ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၃ ဒသမ ၈၁၇ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် ၂ ဒသမ ၉၆ ဒေါ်လာသန်း ပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် ၀ ဒသမ ၀၄၉ ဒေါ်လာသန်း လျော့နည်းခဲ့သော်လည်း ကုန်သွယ်မှုပမာဏအနေဖြင့် ၂ ဒသမ ၉၁ ဒေါ်လာသန်း ပိုမိုခဲ့သည်။

ယခုတစ်ပတ် ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သော တစ်သျှူးငှက်ပျောနှင့် ငရုတ် (အစို) တို့ တင်ပို့မှုပိုမိုခဲ့သဖြင့် ယခင်အပတ်ထက် ၂ ဒသမ ၉၆ ဒေါ်လာ သန်း ပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် လုပ်ငန်းသုံးပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းတို့ တင်သွင်းမှုပိုမိုခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုပစ္စည်းတင်သွင်းမှု လျော့နည်းခဲ့သဖြင့် ယခင်အပတ်ထက် ၀ ဒသမ ၀၄၉ ဒေါ်လာသန်း လျော့နည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းရင်းမြစ် - စီးပွား၊ ကူးသန်း**

## (၇)ကြိမ်မြောက် အာဆီယံအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာသူများအစီအစဉ် ၂၀၂၃ (7th ASEAN Data Science Explorers- DSE 2023)

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် SAP ဆော့ဝဲလ်ကုမ္ပဏီတို့ ပူးပေါင်းစီစဉ်၍ (၇)ကြိမ်မြောက် အာဆီယံအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာသူများ အစီအစဉ် ၂၀၂၃ (7th ASEAN Data Science Explorers-DSE 2023) ကို ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ အထက်တန်းကျောင်း၊ တက္ကသိုလ်များနှင့် ကောလိပ်များမှ အသက် ၁၅ နှစ်မှ ၃၀ နှစ်အထိ ကျောင်းသားကျောင်းသူလူငယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

ပါဝင်ယှဉ်ပြိုင်မည့်သူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် နေထိုင်သည့် နိုင်ငံသားဖြစ်ရမည်။ မြန်မာနိုင်ငံအတွင်းရှိ အထက်တန်းကျောင်းများ၊ တက္ကသိုလ်များနှင့်ဘာသာရေး ကျောင်းများတွင် အချိန်ပြည့်ပညာသင်ကြားနေသည့် အသက် ၁၅ နှစ်မှ ၃၁ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူ လူငယ်များဖြစ်ရမည်။ အသင်းလိုက်ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် နိုင်ငံတစ်နိုင်ငံထဲမှ ကျောင်းသား ကျောင်းသူ နှစ်ဦး ပါဝင်ယှဉ်ပြိုင်ရပါမည်။ ပါဝင်ယှဉ်ပြိုင်သူများအနေဖြင့် ရွေးချယ်ထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ခြောက်ခုအနက်မှ တစ်ခုကို ရွေးချယ်၍ အချက်အလက်များ ခွဲခြားစိတ်ဖြာလေ့လာရေး အဆိုပြုချက်များကို ပုံများ၊ ဂရပ်များနှင့် ပုံစံကားချပ်များ (Storyboard)ဖြင့် တင်ပြရမည်ဖြစ်ပါသည်။

ပါဝင်ယှဉ်ပြိုင်သူများအနေဖြင့် ပထမဦးစွာ အသင်းလိုက်အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ၎င်း၏ တင်ပြချက် (Storyboard)များကို ရေးသားပြုစုရပါမည်။ ပထမဦးစွာ နိုင်ငံအဆင့်သို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ရွေးချယ်ခံရပါက ဒေသအဆင့်သို့ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။ လျှောက်လွှာများအား ၉-၂-၂၀၂၃ ရက်နေ့မှ ၃၀-၄-၂၀၂၃ ရက်နေ့အထိ လျှောက်ထားနိုင်ပြီး အဆိုပြုတင်ပြချက် (Storyboard)များအား ၁-၄-၂၀၂၃ ရက်နေ့မှ ၃၁-၅-၂၀၂၃ ရက်နေ့အထိ ပေးပို့ရမည်ဖြစ်ပါသည်။ ပေးပို့တင်ပြထားသည့် Storyboard များကို ၁-၆-၂၀၂၃ ရက်နေ့မှ ၂၄-၆-၂၀၂၃ ရက်နေ့အထိ အကဲဖြတ်မည်ဖြစ်ပြီး နိုင်ငံအဆင့်ပြိုင်ပွဲများအား ၂၂-၈-၂၀၂၃ ရက်နေ့မှ ၆-၉-၂၀၂၃ ရက်နေ့အထိ လည်းကောင်း၊ ဒေသအဆင့်ပြိုင်ပွဲကို ၂၄-၁၀-၂၀၂၃ ရက်နေ့မှ ၂၆-၁၀-၂၀၂၃ ရက်နေ့အထိလည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

## မြန်အောင်မြို့နယ်၌ ကျွဲခေါင်းကြီးတာ တာထိပ်ဆင့်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မြန်အောင် ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကျွဲခေါင်းကြီးတာ တာထိပ်ဆင့်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် အလျားပေ ၃၉၀၀ ဆောင်ရွက်ပြီးစီးကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါလုပ်ငန်းများကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၂၃ ဒသမ ၅၂၁ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ တာအမြင့်မှာ ပျမ်းမျှ ၁၄ ပေခန့်အထိရှိကြောင်း သိရသည်။

မိုးရာသီ ဧရာဝတီမြစ်ရေတက်ချိန်တွင် ကျွဲခေါင်းကြီးတာ (မူလတာအဟောင်း)မှာ မြစ်ကမ်းနှင့် နီးကပ်လျက်ရှိပြီး ကမ်းပြိုမှုဖြစ်ပေါ်နေသောကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ဆောင်ရွက်ထားသည့် ယခုကျွဲခေါင်းကြီးတာ(ပန်းတာ)ကို တာကြံ့ခိုင်ရေးကောင်းမွန်စေရန် တာထိပ်ဆင့်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဌွေးထံမှ သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/4792 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုးရီ ၇/ကကန(နိုင်)၀၀၄၃၆၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(တောင်ငူ)

## ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရောဝတီ(၂)လမ်း၊ ညောင်ကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(လေ၀န်ထမ်း/၅)၊ မြေကွက်အမှတ်(၆၉၂-က)၊ (၆၉၂-ခ)၊ အကျယ်အဝန်း (၂၀' x ၆၀') စီရှိ ပါမစ်မြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်များနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ အမှတ်စဉ်အမှတ်(၁၆၉၉/၈-၅-၂၀၀၂)အရ ဦးစိုးတင့် ၁၂/ကမရ(နိုင်)၀၀၆၁၃၈ အမည်ဖြင့် ထွက်ရှိထားသည့် ပါမစ်မြေကွက်နှင့်(၁၇၀၁/၈-၅-၂၀၀၂)အရ ဒေါ်ခင်ဝေ ၁၂/ကမရ(နိုင်)၀၀၆၁၀၈ အမည်ဖြင့် ထွက်ရှိထားသည့် ပါမစ်မြေကွက်များဖြစ်ပြီး အမည်ပေါက်ရရှိပိုင်ဆိုင်ထားသူများမှ တစ်ဆင့်ပြန်လည်ရောင်းချထားသည့် အရပ်ကတိအဆက်စပ်စာချုပ်များအရ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမင်းမင်း ၁၂/ရကန(နိုင်)၀၇၀၀၄၁ မှ မိမိသည် အဆိုပါမြေကွက်(၂)ကွက်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညိုမာ (LL.B) အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)
အမှတ်(S-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉ ၄၃၀၆၆၅၈၀၊ ၀၉၉၆၀၇၂၀၃၇၄

## စာအုပ်စာပေ လူ့မိတ်ဆွေ






## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇ၀နဒီပ ရပ်ကွက်ရှိ ဦးသန်းဝင်း ၁၂/သကတ(နိုင်)၀၃၆၉၈၉ (ဘ)ဦးမောင်မောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ် (ပ-၃၃၃၇၂) အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ချိုချိုနိုင်၁၂/သကတ(နိုင်)၀၃၆၉၅၈(ဘ)ဦးဝင်းနိုင်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဦးသန်းဝင်းသေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးမေတ္တာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(အောင်ချမ်းသာတိုးချဲ့)၊ မြေကွက်အမှတ်(၁၄၉၇)၊ အကျယ်အဝန်း (၄၂'/၃၉'xပေ၆၀)ရှိ ဦးမျိုးသက် ၈/ခမန(နိုင်)၁၃၄၉၆၉ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ပိုင်ရှင်မှ ဆက်စပ်စာချုပ်များနှင့်အတူ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ် ဒေါ်ဝင်းဝင်းပ ၁၂/ဗဟန(နိုင်)၀၀၃၆၃၃က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မြေကွက်ဝယ်ယူသူ
ဒေါ်ဝင်းဝင်းပ
ဖုန်း-၀၉-၇၉၈၄၆၁၉၃၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ ညောင်ဦးဖီး(၁)လမ်း၊ မြေကွက်အမှတ်(၅၇၄)၊ အကျယ်အဝန်း (၄၁ပေ× ၆၀ပေ)ရှိ ဒေါ်စောကြိုင်(BQ-၀၁၉၃၁၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် အနက်မှတရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကိုမျက်နှာမူလျှင် (လက်ဝဲဘက်) (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာအေး (၇/တငန (နိုင်) ၁၀၄၆၆၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးဇော်ထွန်းအောင် |
| LL.B, D.B.L, D.I.L, | LL.B, D.B.L, D.M.L., |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) |
| Hein Htet San Law Firm | ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၂၃၆ |


# ပူတာအိုမြို့၌ ငလျင်ဘေးအန္တရာယ်သဏ္ဍာန်တူ လေ့ကျင့်မှုများပြုလုပ်

**ပူတာအို ဖေဖော်ဝါရီ ၂၈**

ကချင်ပြည်နယ် ပူတာအိုမြို့၌ ငလျင်ဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ထိခိုက်ဆုံးရှုံးမှု နည်းပါးစေရန်နှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်စေရန်အတွက် ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူလေ့ကျင့်မှုများကို ဖေဖော်ဝါရီ ၂၇ ရက်က ပူတာအိုမြို့နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကွင်းပြင်နှင့် သုံးထပ်ကျောင်းသား အိပ်ဆောင်၌ ကျင်းပသည်။

ငလျင်ဘေးလေ့ကျင့်ရာတွင် ကျောင်းသားများ အိပ်ဆောင်အတွင်း နေထိုင်သည့် ကျောင်းသူ ကျောင်းသားများ ငလျင်လှုပ်လာလျှင် တုံ့ပြန်ဆောင်ရွက်ရမည့်အချက်များနှင့် ဘေးလွတ်ရာကို ရွှေ့ပြောင်းခြင်း၊ ငလျင်လှုပ်မှုကြောင့် ပြိုကျပျက်စီးသွားသည့် အဆောက်အအုံအတွင်း ပိတ်မိသူများကို ရှာဖွေကယ်ဆယ်ပြီး ထိခိုက်ဒဏ်ရာရရှိသည့် လူနာများအား ကျန်းမာရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့မှ ရှေးဦးသူနာပြုစုပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုပေးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုစင်တာ/ဆေးရုံများသို့ ပို့ဆောင်ပေးခြင်း သရုပ်ပြလေ့ကျင့်နေမှုများကို ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်လှကေသီမာနှင့် တာဝန်ရှိသူများက ကြည့်ရှုသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်းကို ကချင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပူတာအိုမြို့ ဒုတ္ထန်ရပ်ကွက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (ပူတာအို) ကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ ရက်သတ္တတစ်ပတ်ကြာဖွင့်လှစ်သည့် သင်တန်းသို့ ပူတာအိုခရိုင်အတွင်းရှိ ခရိုင်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းများမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀ တက်ရောက်ကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**





## ပျောက်ဆုံးကြောင်း

ကျွန်မ သီတာအေး ၁၁/စတန(နိုင်)၀၉၇၈၈၈၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၀၄၂၀၁

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (၄/က)အုပ်စု၊ နှင်းဆီမြိုင်လမ်း၊ (ယခင်-သဇင်လမ်း)၊ အမှတ်(၁၀၆၉)ဟုခေါ်တွင်သော အဆောက်အအုံနှင့် ယင်းအဆောက်အအုံတည်ရှိရာ မြေအကျယ်အဝန်း(၁၁၄၂၇) စတုရန်းပေ၊ မြေဧရိယာ ၀ ဒသမ ၂၆၂ ဧကခန့်ရှိ မြေကွက်နှင့်တကွအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ခင်ဝင်းကြည် (ဘ)ဦးမောင်သန်း ၁၂/အစန(နိုင်)၀၀၂၃၂၁ နှင့် ဒေါ်သိမ့်သိမ့်ဆုဝင်း(ဘ)ဦးကျော်ဝင်း ၁၂/အစန(နိုင်)၂၀၆၇၉၇ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအဆောက်အအုံနှင့် အဆောက်အအုံတည်ရှိရာ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်အပြီးသတ် စာချုပ်ကို ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူများ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဦးအောင်သက်ဦး | ဦးဟိန်းမင်းဆွေ (LL.B) |
| ၁၂/တမန(နိုင်)၁၁၀၂၆၁ | အထက်တန်းရှေ့နေ (စဉ်-၃၃၂၅၈/၃၁-၃-၂၀၁၀) |
| | အမှတ်(၄၂)၊ စော်ဘွားလမ်း၊ (၅) ရပ်ကွက်၊ |
| | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| | Ph:09-421056527 |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ စိန်မြရုံချယ်(၁)လမ်း၊ မြေကွက်အမှတ်(၁၁၅၆/က)ဟုခေါ်တွင်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချပေးထားသည့် ဦးသန်းထွေး ၁၂/ရကန(နိုင်)၀၀၈၀၂၃အမည်ပေါက် မြေချပါမစ်မူရင်း အကျယ်အဝန်းပေ(၂၀x၆၀)ပေါ်ရှိ တစ်ထပ်ပျဉ်ထောင် ရေ၊ မီးစုံအကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားကာ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မာမာအောင် ၁၂/သဃက(နိုင်)၁၃၆၆၀၂နှင့် ဒေါ်ကလျာဖြိုး ၁၂/သဃက(နိုင်)၁၃၇၅၄၈တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စီ ၇/ဖမန(နိုင်)၁၅၁၀၃၆က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ကေသီမွန် အထက်တန်းရှေ့နေ(စဉ်-၅၂၈၆၈)
အမှတ်(၁၃၇၀)၊ မင်းရဲကျောင်းပုံလမ်း၊ ၅၆ ရပ်ကွက်၊ ဒဂုံ(တောင်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၄၄၃၂၄၁၅၆၊ ၀၉-၉၆၃၃၀၀၄၉၈

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်မျိုးလှိုင် ၁၁/ရသတ(နိုင်)၀၅၆၄၅၄၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၃၈၉၃၇၅၉

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အကွက်(၁၄၃)၊ မေဃာဂီရိရပ်ကွက်၊ ၁၉ လမ်း၊ ညောင်ပင်ဈေးနေ မအေးအေးသန်း၏ သမီး မကေသွယ်စိုးအား မကေအမ္ဗရာစိုးအောင်ဟု ပြောင်းခေါ်ပါရန်။

မကေအမ္ဗရာစိုးအောင်

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ နောင်ချိုမြို့နယ်၊ အုမ္မခါးကျေးရွာနေ ဒေါ်အေးလှ ၁၃/လရန(နိုင်)၁၀၀၀၇၄၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်းဖြင့် အများသိစေရန် အသိပေးကြေညာအပ်သည်မှာ-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်အရှေ့ရွာအတွင်းရှိ မန္တလေး-လားရှိုးလမ်းမကြီး မျက်နှာပြု တောင်ဘက်-၁၈ပေ၊ မြောက်ဘက်-၁၈ပေ၊ အရှေ့/အနောက်ဘက်-၈၀/၈၀ ပေ အကျယ်အဝန်းရှိ တောင်ဘက်-မန္တလေး-လားရှိုးလမ်းမကြီး၊ မြောက်ဘက်-ဒေါ်အေးလှ၏ ကျန်မြေ၊ အရှေ့ဘက်-ဦးအောင်ခင်၏နေအိမ်မြေ၊ အနောက်ဘက်-ဦးရန်ကျော်ချင်း၏ နေအိမ်(သင်းရနံ့ မုန့်ဟင်းခါးဆိုင်) အလားလေးရပ်အတွင်းရှိ နေအိမ်မြေအကျိုးခံ စားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးလှက ၂၀၁၂ခုနှစ်ခန့်မှစ၍ မူလပိုင်ရှင် ဦးစိုးမြင့်အောင်ထံမှ ဝယ်ယူကာ အစဉ်တစိုက်လက်ရှိထားနေထိုင်ခဲ့ပြီး အဆိုပါ မြေကွက်အစိတ်အပိုင်းအား တရားဝင် စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်ရရှိစေရန်အလို့ငှာ သက်ဆိုင်ရာရုံးဌာနအသီးသီး၏ လုပ်ထုံးလုပ်နည်းများအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ထိုမြေကွက်နှင့်စပ်လျဉ်းပြီး အကျိုးခံစားစံစားပိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော တရားဝင်အထောက်အထားစာရွက်စာ တမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ၊ သက်ဆိုင်ရာ ရုံးဌာနအသီးသီးတွင်ဖြစ်စေ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသည့် နေ့ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက ကျွန်ုပ်မိတ်ဆွေအနေဖြင့် တရားဝင်စီမံဆောင်ရွက်ပိုင်ခွင့်ရရှိသည်အထိ ပြီးမြောက်သည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်အေးလှ | ဒေါ်ဖြိုးပပဝင်း(LL.B,D.B.L,WIPO(Switzerland)) |
| ၁၃/လရန(နိုင်)၁၀၀၀၇၄ | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၈၂/၂၀၁၂) |
| | အခန်းအမှတ်(၂၄)၊ YMCAတိုက်ခန်း၊ |
| | မန္တလေး-လားရှိုးလမ်းမကြီး၊ရပ်ကွက်ကြီး(၁)၊ |
| | ပြင်ဦးလွင်မြို့ |

## လေလံလျှော်က်လွှာခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များမှ မြေနှင့်အဆောက်အအုံများအား လေလံစနစ်ဖြင့်ရောင်းချမည်ဖြစ်ပါသည်-

(က) မကွေးမြို့၊ နွားကူးကျေးရွာအနီး၊ တန်(၃၀)ဆီစက်ဝန်း အကွက်အမှတ်(၁)ပေါ်ရှိ မြေ(၄ဒသမ၂၃၀)ဧက၊ အဆောက်အအုံ (၂၅'x၂၀'x၁၅')နှင့် အကွက်အမှတ်(၂)ပေါ်ရှိ မြေ(၁ဒသမ၇၃၅)ဧက ဆက်သွယ်ရန် ဖုန်း-၀၉-၆၈၀၉၂၂၄၅၈

(ခ) မင်းလှမြို့နယ်၊ ပန်းတော်ပြင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၅၅)၊ ဥယျာဉ်၊ ဦးပိုင်အမှတ်(၁၅၂/၁)၊ အုတ်ကျင်းမြေ (၄ဒသမ၁၇)ဧကနှင့် အဆောက်အအုံ(၁)လုံး၊ ဆက်သွယ်ရန် ဖုန်း-၀၉-၆၇၆၀၈၂၅၅၄

(ဂ) အောင်လံမြို့၊ ရွာထောင်ရပ်ကွက်၊ ပြည်လမ်းကွင်းအမှတ်(၇)၊ ဦးပိုင်အမှတ်(၅၁၂/၂)(၅၁၂/၃)မြေ(၀ဒသမ၉၅၀)ဧကနှင့် ဆိုင်ခန်း(၂၅)ခန်း၊ ဘန်ဂလို(၄)လုံး၊ ရုံးခန်း(၁)ခန်းနှင့် ကွင်း အမှတ်(၇)၊ ဦးပိုင်အမှတ်(၅၁၂/၁)၊ (၅၁၃)ရှိ မြေ(၁ဒသမ၀၃၀)ဧကနှင့် ဆိုင်ခန်း(၂၇)ခန်း ပဲခွဲစက် ဆက်သွယ်ရန် ဖုန်း-၀၉-၆၇၂၄၉၄၁၈၅

(ဃ) ဆင်ပေါင်ဝဲမြို့၊ ရန်ကုန်-ပြည်လမ်း၊ ချောင်းကောက်အုပ်စု၊ ကိုးပင်ကျေးရွာ၊ ကွင်းအမှတ် ၄၉၄(B)၊ မြေ(၁ဒသမ၀၆)ဧက၊ အဆောက်အအုံ(၂)လုံး၊ ဆိုင်ခန်း(၁၄)ခန်း ဆက်သွယ်ရန် ဖုန်း-၀၉-၆၈၄၅၅၇၉၀၆

| | | |
|---|---|---|
| **မကွေး၊ အောင်လံ၊ မင်းလှ၊ ဆင်ပေါင်ဝဲမြို့နယ်များ၏ လေလံလျှော်က်လွှာရောင်းချမည့်ရက်** | - | ၂-၃-၂၀၂၃ရက် |
| **မကွေး၊ အောင်လံ၊ မင်းလှ၊ ဆင်ပေါင်ဝဲမြို့နယ်များ၏ လေလံပိတ်သိမ်းမည့်ရက်** | - | ၇-၃-၂၀၂၃ရက်၊ ညနေ ၄ နာရီ |
| **မကွေး၊ အောင်လံ၊ မင်းလှ၊ ဆင်ပေါင်ဝဲမြို့နယ် လေလံဖွင့်ဖောက်မည့်ရက်/အချိန်** | - | ၈-၃-၂၀၂၃ရက်၊ နံနက် ၁၀နာရီ |
| **လေလံလျှော်က်လွှာများ ရောင်းချမည့်နေရာ** | - | (သက်ဆိုင်ရာ မြို့နယ်အလိုက် ဖော်ပြထားသော ဖုန်းနံပါတ်များတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။) |
| **လေလံလျှော်က်လွှာထည့်သွင်း/ဖွင့်ဖောက်မည့်နေရာ** | - | လျှော်က်လွှာဝယ်ယူတင်သွင်းသည့်နေရာ |

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**မကွေးတိုင်းဒေသကြီး၊ မကွေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှော်က်ထားခြင်း

ယာဉ်အမှတ် 63W/32001,Yamaha F2-S,150,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်အောင် ၁၄/ညတန(နိုင်)၁၁၈၆၉၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှော်က်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှော်က်ထားခြင်း

ယာဉ်အမှတ် 53W/14985,Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟံရီ ၁၄/ဝခမ(နိုင်)၁၇၁၆၆၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှော်က်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၉၈၆၊ မြေကွက်တည်နေရာ အမှတ် ၉၈၆၊ ဦးကြင်ဥ (၁)လမ်း၊ (၃၂)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးသန်းထွန်း (S/OKA-002917)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မြေအား မြေအမည်ပေါက် (ဖခင်)ဦးသန်းထွန်းနှင့် (မိခင်)ဒေါ်သိန်းမြင့် တို့ အသီးသီး ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်စန်းစန်းအေး ၁၂/ဥကတ(နိုင်)၀၈၆၅၃၂ ၊ ဒေါ်ခင်ဝတ်မှုံ ၁၂/ဥကတ(နိုင်)၀၈၈၄၃၉ ၊ ဦးထိန်လင်းထွန်း ၁၂/ဒဂမ(နိုင်)၀၀၄၉၂၀ တို့မှ ၎င်းတို့မောင်နှမ(၃)ဦးကိုသာ မွေးဖွားခဲ့ပြီး ၎င်းတို့ မောင်နှမ (၃)ဦးမှလွဲ၍ အခြားမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အခြားသော ကိတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းမရှိကြောင်း၊၎င်းတို့မောင်နှမ(၃)ဦးသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ၎င်းတို့မောင်နှမ(၃)ဦးမှ လွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ဖခင်)ဦးသန်းထွန်း၏ သေဆုံးမှု လက်မှတ် (မိခင်)ဒေါ်သိန်းမြင့်၏ သေဆုံးမှု လက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှော်က်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ ဒေါ်နှင်းနှင်းအေး ၁၂/သဃက(နိုင်)၁၄၆၃၄၁က အောက်ပါအတိုင်း ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ ကျွန်မ ဒေါ်နှင်းနှင်းအေးက ကလောခရိုင်၊ ကလောမြို့ နယ်၊ ဝက်ဖြူရေကျေးရွာအုပ်စု၊ ကွင်းအမှတ်-၁၊ ရေမြောင်ပြန်ကွင်း၊ ဦးပိုင်အမှတ်-၂၁/၁၊ မြေကွက်အမှတ် ၁၊ ဧရိယာ ၀ဒသမ ၃၂ ဧက၊ မြေအမျိုးအစား-ဥယျာဉ်ခြံမြေ၊ ဒေါ်ဝင်းဝင်းမွှန် ၉/သစန(နိုင်)၀၁၂၁၄၉ အမည်ပေါက် ပုံစံ(၇) ကျရှိထားသောမြေကို ဒေါ်ဝင်းဝင်းမွှန် ၉/သစန(နိုင်)၀၁၂၁၄၉ တို့ထံမှ ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် တစ်စိတ်တစ်ဒေသပေးချေ ပြီးဖြစ်ပါသည်။ အပြီးသတ်ရောင်းချရန်အတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်သောကြောင့် အထက်ပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းနှင်းအေး**
**ဖုန်း-၀၉-၉၅၅၁၅၄၅၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သန်လျင်မြို့နယ်၊ သန်လျင်ဆိပ်ကမ်းလမ်းတိုးချဲ့ရန် မိုင်တိုင်(အမှတ်၄/၃မှ၆ အထိ) အတွင်းလွတ်ကင်းမှုမရှိသော ၃၃ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်း များ လွတ်ကင်းရာသို့ ရွှေ့ပြောင်းတည်ဆောက်ခြင်းနှင့် လိုင်းဟောင်းဖြုတ် သိမ်းခြင်း လုပ်ငန်းအတွက် (ပစ္စည်း + လုပ်အားခ) ယုတ်ပြတ်(Turnkey)စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၈.၂.၂၀၂၃)ရက်နေ့မှစတင်ဝယ်ယူ၍သတ်မှတ်ရက်အတွင်းလျှော်က်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၁၃.၃.၂၀၂၃)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခန့်ရှင်းသန့်ကျော် ၁၃/တကန(နိုင်)၃၀၁၅၂၂ နိုင်ငံကူး လက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၆၅၀၇၇၇၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထွန်းမင်း ၁၃/ကလန(နိုင်)၀၅၃၇၀၆ နိုင်ငံကူး လက်မှတ်အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၅၆၀၃၀၉**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းအုံးမြင့် ၁၃/တကန(နိုင်)၂၇၄၀၉၁ နိုင်ငံကူး လက်မှတ်အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၆၅၁၄၁၂၆**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းမူးနွဲ့ ၁၃/ဟပန(နိုင်)၀၅၆၃၅၄ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၂၂၅၅၉၁၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ ပုသိမ်မြေ(၂)လမ်း၊ တိုက်အမှတ်(၆၄)၊ (၂)ခန်းတွဲ RC(၅)ထပ်တိုက်အဆောက်အအုံ၏ မြေညီထပ်၊ ဧရိယာ(၅၄၀ဒသမ၅)စတုရန်းပေရှိတိုက်ခန်း နှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည် ဟုဝန်ခံကတိပြုသူဖြစ်သော New Land Myanmar Home Decoration & Construction Company Limitedကိုယ်စား ဒေါ်တင်ဆွိဆွိယဉ် ၁၂/လကန(နိုင်)၁၆၉၆၄၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးပိုင်စိုးခန့် ၁၄/ကခန(နိုင်)၀၉၆၄၄၈က အပြီးအပြတ်ဝယ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပိုင်စိုးခန့်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၃/၇-နန္ဒဝန်)၊ ဦးပိုင်အမှတ်(၁၂လမ်း၊ ၅၁)၊ ဧရိယာ(၀ဒသမ၁၁၀)ဧကရှိ မြေအား အမှုတွဲအမှတ် ၈၈၂/၁၉၉၂-၁၉၉၃အရ (၂၀-၁၀-၁၉၉၃)မှ(၁၉-၁၀-၂၀၂၃)ထိ ဦးအောင်သန်းအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားသောဝင်းမြေအား ဦးနေလင်းထွန်းအမည်ဖြင့်မြေငှားစာချုပ်(အမည်ပြောင်း)လျှော်က်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှော်က်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှော်က်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ ဒေါ်ခင်စိမ်းလဲ့ ၇/ရတရ(နိုင်)၀၀၁၆၄၇ (ဘ) ဦးကြည်မောင်မောင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၀၃၇၄)ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကိုယ်စားလှယ်လွှဲစာအမှတ်ဖြင့် မြေကွက်အမည်ပေါက်၏ ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးအေးမင်းခန့်ထွန်း ၅/စကန(နိုင်)၂၃၇၆၁နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှော်က်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှော်က်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၇၃)၊ မြေကွက်အမှတ် ၁၆၊ မြေအကျယ်အဝန်း ပေ (၄၀x၆၀)၊ ၀ဒသမ၀၅၅ဧက၊ စတုရန်းပေ ၂၄၀၀ ရှိ ဒေါ်လီလီအမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်သူဟိန်း ၁၂/မရက(နိုင်)၁၃၂၈၆၁၊ ဒေါ်ယဉ်ယဉ်မြင့် ၇/ပမန(နိုင်)၁၁၇၀၆၆ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုယဉ် (စဉ်-၁၁၀၁၄)**
**(LL.B, D.B.L, D.M.L, D.I.L, D.A.Psy)**
**တရားလွှတ်တော်ရှေ့နေ**
**တိုက် (၅)၊ အခန်း (၀၀၂)၊ မြနန္ဒာအိမ်ရာ၊ (၂)လမ်း၊ မြနန္ဒာအိမ်ရာ၊ (၁၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၆၁၄၂၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှော်က်ထားခြင်း

ယာဉ်အမှတ် 77W/04811, Luojia 110, Motor Cycle ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၁၄/မအပ(နိုင်)၁၇၉၂၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှော်က်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်း

ဇန်းမော်မြို့၊ ဟန်းတဲရပ်ကွက်၊ အကွက်အမှတ်(OSS)၊ ဟန်းတဲကွင်းပြင်၊ ဦးပိုင် ၁၃၅၀/မြေကွက်အမှတ် ၁၄၃၅၊ဧရိယာ ၀ဒသမ ၁၈၄ဧက မူလအမည်ပေါက်သူ ဒေါ်ငြိမ်းငြိမ်းအေး မြေငှားဂရန်မှာ သက်တမ်းကုန်ဆုံးသွားပါ၍ ဒေါ်ငြိမ်းငြိမ်းအေး ၃/ကဆက(နိုင်)၀၀၀၃၆၂ အမည်ဖြင့် သက်တမ်းတိုးမြေငှားဂရန်သစ် ပြန်လည်လျှော်က်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**မြို့နယ်အုပ်ချုပ်ရေးမှူး၊**
**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ ဇန်းမော်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၃၅၂)၊ မြေကွက်တည်နေရာအမှတ်(၃၅၂)၊ ဗိုလ်မင်းရောင်လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးတင်အောင် KTN-၀၀၇၀၅၉)အမည်ပေါက်မြေအား မြေအမည်ပေါက် (ဖခင်)ဦးတင်အောင်နှင့် (မိခင်)ဒေါ်သိန်းငွေ တို့အသီးသီး ကွယ်လွန်ခဲ့ကြောင်း၊ (ဖခင်) ဦးတင်အောင်နှင့် (မိခင်)ဒေါ်သိန်းငွေတို့မှ ဦးဇော်ဇော်အောင်နှင့် ဒေါ်နန္ဒာအောင်တို့ သားသမီး(၂)ဦးအား မွေးဖွားခဲ့ပြီး သား(၁)ဦးဖြစ်သူ ဦးဇော်ဇော်အောင်သည် (၂၄-၄-၂၀၀၉)ရက်တွင် ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက်(ဇနီး)ဖြစ်သူ ဒေါ်ရွှေဝါ ၁၂/ကမတ(နိုင်)၀၃၉၃၄၀နှင့် သမီး(၁)ဦးဖြစ်သူ ဒေါ်နန္ဒာအောင် ၁၂/ကမတ(နိုင်) ၀၀၀၇၉၄ နှင့် ပူးတွဲ၍ သားသမီး/ချွေးမတော်စပ်ကြောင်းနှင့် ၎င်းတို့(၂)ဦးမှတပါး အခြားအမွေစားအမွေခံ အမွေဆက်ခံခွင့်ရှိသူ မကျန်ရှိတော့ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ (ဖခင်) ဦးတင်အောင်၏ သေဆုံးမှုလက်မှတ်၊ (မိခင်) ဒေါ်သိန်းငွေ၏သေဆုံးမှုလက်မှတ်၊ ဦးဇော်ဇော်အောင်၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် နှင့်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှော်က်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှော်က်ထားခြင်း

ယာဉ်အမှတ် 77W/54634, Honda Wave, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းအောင် ၁၄/မအပ(နိုင်)၂၀၉၄၉၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှော်က်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှော်က်ထားခြင်း

ယာဉ်အမှတ် 37W/84432, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းစိုး ၁၄/မအပ(နိုင်)၁၆၀၆၇၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှော်က်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၁) အကွက်အမှတ် (၆/နမ့်ပါချီး)၊ ဦးပိုင် (၈၀)၊ ဧရိယာ ၀ဒသမ၁၄၆ ဧက၊ အမှုတွဲအမှတ် ၆၁၀-၅၊ ၁၉၉၀-၉၁(အေ)ဖြင့် ဒေါ်ခင်သူသူမှ ပိုင်ဆိုင်ပြီး ဒေါ်ခင်သူသူမှာ (၈-၁၂-၂၀၁၂)ရက်တွင် ကွယ်လွန်သွားပါသဖြင့် ခင်ပွန်း ဦးတင်ထွန်း ၁၃/လရန(နိုင်)၀၅၅၇၀၆မှ အမွေဆက်ခံစာချုပ် (၄၇၉IV/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့ကြောင်း အထွေထွေကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးကျော်စွာထွန်း ၁၃/လရန(နိုင်)၁၀၇၆၆၈မှ ရောင်း/ဝယ်စာချုပ်(၆၁၈I/၂၀၂၂)ဖြင့် ဒေါ်ရန်မိန်ချင် ၁၃/လကန(နိုင်)၀၁၇၆၈၅ထံ ရောင်းချပေးပြီးဖြစ်၍ ဒေါ်ရန်မိန်ချင်မှ အမည်ပြောင်း ထပ်မံအသစ်လျှော်က်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သွန်းဘုရားရပ်ကွက်၊ ဆေးရုံဟောင်းလမ်း၊ မြေကွက်အမှတ် (၁၉၇)၊ အကျယ်အဝန်း (၂၀ပေ× ၁၂၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လင်းလင်းထွန်း (၇/ပခန (နိုင်) ၃၁၀၉၃၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)** |
| **Hein Htet San Law Firm** | **၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ ရွှေဟသာ်(၂)လမ်း၊ မြေကွက်အမှတ်(၁၂၉၇/ခ)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဦးလှစိုး (၁၂/မဂတ (နိုင်) ၀၁၇၅၉၀) (TKA- ၀၆၇၆၁၉) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးလှစိုး (၁၂/မဂတ (နိုင်) ၀၁၇၅၉၀) (TKA-၀၆၇၆၁၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.M.L.,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)** |
| **Hein Htet San Law Firm** | **ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆** |

## မော်လမြိုင်အသင်း(ရန်ကုန်)
## (၁၀၃)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊
## သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားခြင်း

